# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ သောကြာနေ့ အတွဲ (၆၅)၊ အမှတ်(၀၁၇)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး／ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

## သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များအား ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံအမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❑ *ရွှေဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နောင်လာမည့်အစိုးရအတွက် ကြိုတင်ပြင်ဆင်၍ရအောင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မှာကြားလိုကြောင်း။

## လူမှုစီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ပေးကြရမည်

အစိုးရတစ်ရပ်ဆိုသည်မှာ နိုင်ငံတော်နှင့် ပြည်သူပြည်သားများ၏ လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ အလားတူ နိုင်ငံတော်လုံခြုံအောင်ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ နိုင်ငံတကာကလည်း မိမိတို့နိုင်ငံအပေါ် လူရိုသေရှင်ရိုသေဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ ခိုင်မာသည့် အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထုအနေဖြင့် အစိုးရအပေါ်မှာ ခိုင်ခိုင်မာမာဖြင့် ယုံကြည်စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးကြီးအဆုံးအချက်ဖြစ်သည့် နိုင်ငံတော်၏ လူမှုစီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ အဆိုပါ လူဦးရေထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်း ပြုနေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုတစ်ပါတည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် သာမန်အားဖြင့် ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများတိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်ကြောင်း။

> ❖ **ဘတ်ဂျက်များသုံးစွဲမှုကြောင့် ငွေကြေးလည်ပတ်မှုများဖြစ်လာပြီး ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်၊ အခြေခံအဆောက်အအုံများ လိုအပ်ချက်များရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ပိုလျှံနေသည့် ရန်ပုံငွေများမှသုံးစွဲ၍ ပြုပြင်ထိန်းသိမ်းတည်ဆောက်သွားရန်လို၊ စာသင်ကျောင်းများအတွက် လိုအပ်သည့် သင်ထောက်ကူပြုစာတ်ခွဲခန်းများကိုလည်း တည်ဆောက်ပေးသွားရန်လို၊ သို့မှသာ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စံချိန်မီသည့် ကျောင်းများဖြစ်အောင်ဆောင်ရွက်သွားကြရန်လို၊ ဘတ်ဂျက်နှင့် ပတ်သက်၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် သုံးစွဲသွားကြစေလို**

## နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိ

သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီမှုမရှိသေးကြောင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ စိုက်ပျိုးမြေများကောင်းမွန်စေရေး လိုအပ်သည့်မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ စိုက်ပျိုးရေကို အကျိုးရှိစွာဖြင့်အသုံးချရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကိုယ်တိုင်ကလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးတောင်သူများအနေဖြင့် ကိုယ်တိုင်အကျိုးခံစားနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် အားထည့်ဆောင်ရွက်မှသာ မိမိဆောင်ရွက်သည့်အကျိုးကို ခံစားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်တွင်းဆီဖူလုံမှုရှိစေရေး နေကြာစိုက်ဧကများတိုးချဲ့ခြင်းနှင့် ကော်ဖီများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကော်ဖီစိုက်ဧကများ တိုးချဲ့ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းဆီလိုအပ်ချက်ရှိခြင်းကြောင့် ဆီနေကြာစိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နှမ်းနှင့် မြေပဲစိုက်ပျိုးမှုများရှိသော်လည်း မိရိုးဖလာစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများကြောင့် ပြည်တွင်းဆီဖူလုံမှုအတွက် လိုအပ်ချက်များ ရှိနေသေးကြောင်း၊ ဆီနေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကော်ဖီစိုက်ပျိုးခြင်းနှင့်ပတ်သက်၍လည်း ယခင်ကတည်းက ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ ဆောင်ရွက်ခဲ့သော်လည်း အပြည့်အဝမစိုက်ပျိုးခြင်းနှင့် အခြားနည်းများဖြင့် သုံးစွဲခြင်းများပြုလုပ်ခြင်းများကြောင့် ထိုက်သင့်သလောက်အောင်မြင်မှုများမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် မြေနိမ့်ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးမြေများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးခွင့်ပြုပေးထားပြီး အပြည့်အဝစိုက်ပျိုးကြရန်လိုကြောင်း။

## စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်

စက်မှုသီးနှံနှင့်ပတ်သက်၍ ရာသီသီးနှံများ၊ နှစ်တိုသီးနှံများ၊ နှစ်ရှည်သီးနှံများရှိကြောင်း၊ ဝါသည် ရာသီသီးနှံဖြစ်ပြီး ကြံသည်နှစ်တိုသီးနှံဖြစ်ကြောင်း၊ ကော်ဖီ၊ ရော်ဘာတို့ကဲ့သို့သော သီးနှံများသည် နှစ်ရှည်သီးနှံများဖြစ်ကြောင်း၊ ဝါကို မကွေး၊ မန္တလေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးနေပြီး စုစုပေါင်းဝါစိုက်ဧက ၅ သိန်းခန့်ရှိကြောင်း၊ လက်ရှိစိုက်ဧကအတိုင်း တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ စီးပွားရေးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

စားရေးနှင့်ပတ်သက်၍ စားရေရိက္ခာများ လုံလောက်စွာရရှိစေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက် အသားငါးများ ဖူလုံပေါများစေရေး ဆောင်ရွက်ပေးရာတွင် စိုက်ပျိုးမွေးမြူရေးဇုန်များ တည်ထောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ဒေသတွင် နေထိုင်သည့် လူဦးရေအလိုက် စားရေးဖူလုံမှုရှိစေရေး အဆင့်ဆင့် တိုးမြှင့်မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူလူဦးရေ ၇ သန်းရှိပြီး လူဦးရေတစ်ဝက် ၃ သန်းခွဲတွင် ကြက်ဥတစ်ရက်လျှင် တစ်လုံးစားပါက ကြက်ဥအလုံးရေ ၃ သန်းခွဲ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကြက်ဥ ၃ သန်းခွဲရရှိရန်အတွက် ကြက်အကောင်ရေ ၄ သန်းခန့် မွေးမြူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စားရေးကိုအထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပထမအဆင့် ၂၅ ရာခိုင်နှုန်း၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်း ဖူလုံစေရန်နှင့် နောက်ဆုံးအဆင့်တွင် ၁၀၀ ရာခိုင်နှုန်းဖူလုံစေရေး အဆင့်ဆင့်တိုးမြှင့်စီမံချက်ချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စားသောက်ရေးအတွက် လိုအပ်သည့် ဥနှင့် အသား၊ ငါးများ လုံလောက်စွာရရှိရေး မွေးမြူရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အသားငါးများ၏ ဈေးနှုန်းများလည်း အထိုက်အလျောက် သင့်တင့်မျှတလာမည်ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဝါ၊ ကိုကိုး၊ ကော်ဖီ ၊ သရက်၊ ရော်ဘာ၊ သီဟိုဠ်စသည့် စက်မှုကုန်ကြမ်းသီးနှံအပင်များ စိုက်ပျိုးခြင်းကိုလည်းရေရှည်အတွက် အောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်မှုထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ဘဏ္ဍာငွေသုံးစွဲမှုနှင့်ပတ်သက်၍ ဘတ်ဂျက်လျာထားချက်များ ရေးဆွဲရာတွင်လည်း လျာထားတွက်ချက်ထားသည့်အတိုင်း သုံးစွဲရန်လိုကြောင်း၊ ဘတ်ဂျက်များသုံးစွဲမှုကြောင့် ငွေကြေးလည်ပတ်မှုများဖြစ်လာပြီး ဝယ်လိုအားနှင့် ရောင်းလိုအားများ

*စာမျက်နှာ ၄ သို့*

**❒ ရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် တိကျမှန်ကန်သည့် မဲစာရင်းများရရှိစေရေး သန်းခေါင်စာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်၊ စာရင်းများမှန်ကန်မှုရှိစေရေးသည် အရေးကြီး၊ မဲရုံတာဝန်ပေးအပ်မှုများနှင့် ပတ်သက်၍လည်း စနစ်တကျဆောင်ရွက်သွားရန်လို၊ ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် လုပ်ငန်းများအား မှန်မှန်ကန်ကန်ဖြစ်အောင် စိစစ်ဆောင်ရွက်သွားရန်လို၊ မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များ ရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လို**

*စာမျက်နှာ ၃ မှ*

*စာမျက်နှာ ၃ မှ*

ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံများ လိုအပ်ချက်များရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ပိုလျှံနေသည့် ရန်ပုံငွေများမှသုံးစွဲ၍ ပြုပြင်ထိန်းသိမ်းတည်ဆောက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများအတွက် လိုအပ်သည့် သင်ထောက်ကူပြုခတ်ခွဲခန်းများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ သို့မှသာ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စံချိန်မီသည့် ကျောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘတ်ဂျက်နှင့် ပတ်သက်၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် သုံးစွဲသွားကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် အသိပညာ၊ အတတ်ပညာ ကောင်းမွန်စေရေး အတန်းပညာများ ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများ၏ အခြေခံစိတ်ဓာတ်များ တိုးတက်ကောင်းမွန်လာစေရေး အချိန်ယူ၍ ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျောင်းသားများ၏စိတ်ဓာတ်ကိုမြှင့်တင်ပေးနိုင်ရေး အခြေခံအဆောက်အအုံများကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### လိုအပ်သည့်ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်

အလားတူ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ မပြည့်စုံသေးသည့် ဆေးရုံများ များစွာရှိကြောင်း၊ ဆေးရုံအမြင်ကောင်းနေရမည်၊ ကုသရေးအတွက် အစွမ်းထက်သူများရှိရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများက အပြည့်အဝယုံကြည်အားကိုးနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးရုံများအတွက် လိုအပ်သည့် ဥပဓိရုပ်ပိုင်းဆိုင်ရာများနှင့် ကုသရေးပိုင်းဆိုင်ရာ လိုအပ်သည့်ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုနှင့်ပတ်သက်၍ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လမ်းများအားလုံး လမ်းဘေးဝဲယာတွင် အရိပ်အာဝါသများ ကောင်းမွန်စေရေး သစ်ပင်များစိုက်ပျိုးသွားကြရန်လိုကြောင်း၊ အလားတူ လမ်းများကောင်းမွန်ချောမွေ့နေစေရေးနှင့် တံတားအတက်အဆင်းများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဓိကအားဖြင့် နိုင်ငံတိုးတက်စေရန်၊ စီးပွားရေးအရ တိုးတက်စေရန် ရရှိနေသည့်ကာလအတွင်း ရသမျှ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် စပါးစိုက်ပျိုးကေများနှင့် အထွက်နှုန်း မှန်ကန်မှုရှိစေရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်မှ သွင်းအားစုများအပါအဝင် အခြားထောက်ပံ့ပေးလျက်ရှိသည့် အခြေအနေများ၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် မဲရုံများ လျာထားဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ခေတ္တပိတ်ထားခဲ့ရသည့် အခြေခံကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားနေမှုအခြေအနေ၊ မူဝါဒများနှင့်အညီ စီမံကိန်းများ ရာခိုင်နှုန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ဖယ်ရှားရှင်းလင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု အခြေအနေများ၊ တရားမဝင် အကောက်အခွန်မဲ့ ပစ္စည်းများ ဖမ်းဆီးရရှိမှုအခြေအနေ၊ တရားမဝင် အွန်လိုင်းလောင်းကစားမှုများ လုပ်ဆောင်လာမှုနှင့် တားဆီးကာကွယ်ရန် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မဲဆွယ်ကာလနှင့် ရွေးကောက်ပွဲကျင်းပမည့် အပိုင်းများအလိုက် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးအထူးအလေးထား ဆောင်ရွက်ရန်၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၏အမှားကို သင်ခန်းစာယူ၍ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုနှင့် ကဏ္ဍစုံအမှားအယွင်းမရှိစေရေး ကြပ်ကြပ်မတ်မတ်ဖြင့် အထူးအလေးထားဆောင်ရွက်ရန်၊ ဝန်ကြီးဌာနအလိုက် / ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မဲစာရင်းမှန်ကန်မှုရှိစေရေး ဆောင်ရွက်သွားရန် လိုအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

### အမှန်တကယ် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လို

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် တိကျမှန်ကန်သည့် မဲစာရင်းများရရှိစေရေး သန်းခေါင်စာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စာရင်းများ မှန်ကန်မှုရှိစေရေးသည် အရေးကြီးကြောင်း၊ မဲရုံတာဝန်ပေးအပ်မှုများနှင့် ပတ်သက်၍လည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် လုပ်ငန်းများအား မှန်မှန်ကန်ကန်ဖြစ်အောင် စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များ ရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများနှင့်တွဲဖက်၍ ပျားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းစေကြောင်း၊ မိမိတို့ဒေသအလိုက် ရာသီဥတုမြေအနေထားနှင့် ကိုက်ညီသည့် မှိုစိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် အာလူး၊ ကြက်သွန်၊ ငရုတ်သီး စသည့် သီးနှံများကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး စိုက်ပျိုးသွားကြရန်လိုကြောင်း။

သစ်အသုံးပြုမှုနှင့်ပတ်သက်၍ ဒေသအတွက် လိုအပ်သည့် သစ်များအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ တရားမဝင်ခုတ်ယူမှုများမရှိစေရေး အတွက်လည်း စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဖက်မှလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့" ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားပြီး ဆောင်ပုဒ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးအားပေး

**နေပြည်တော် အောက်တိုဘာ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းများ၊ နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့် မေထုန်မဲ့ သားစပ်လုပ်ငန်းများဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။



ညနေပိုင်းတွင် YUZANA GROUP AYEYARWADY FISHE-RIES ., Ltd ၏ အအေးခန်းစက်ရုံတွင် ရေချိုပုစွန်များ ပြုပြင်ထုပ်ပိုးအေးခဲနေမှု၊ ပုစွန်အသားကြိတ်အေးခဲနေမှုနှင့် ဓာတ်ခွဲခန်းများ၊ ဂျပန်နိုင်ငံသို့ ပို့ဆောင်ရန် ထုပ်ပိုးစီမံ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ကုန်ချောထုတ်လုပ်သည့် အဆင့်ဆင့်တိုင်းတွင် အစားအစာဘေးကင်းလုံခြုံရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေး၊ GMP, HACCP စနစ်နှင့်အညီ ထုတ်ကုန်များ၏ အရည်အသွေးနှင့် ဘေးကင်းမှုအပေါ် ယုံကြည်မှုရှိစေရန် လုပ်ငန်းအဆင့်တိုင်းတွင် ကျွမ်းကျင်ဝန်ထမ်းများ၏ အရေးပါမှုများနှင့် ပတ်သက်၍ ကုမ္ပဏီတာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ (ပုသိမ်) သို့ ရောက်ရှိပြီး နိုင်ငံတကာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်တွင်းပြည်ပ ငါးဖမ်း၊ ငါးသယ်ရေယာဉ်များကို စောင့်ကြည့်ထိန်းချုပ်ထောက်လှမ်းနေမှု၊ မြန်မာ့ပင်လယ်ရေပြင်အတွင်း ငါးလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ကြခတ်ချောင်ကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးအောင်သက်ပိုင်၏ နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် ရွှေနွားနို့စားနွားမွေးမြူရေးခြံတွင် နို့စားနွား အကောင် ၇၀ ၊ အသားစားနွားသုံးကောင်မွေးမြူထားရှိမှု၊ ဒိန်ချဉ်၊ နို့အေးနှင့် ဖာလူဒါဖျော်ရည်များ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအစာ ဘေးကင်းလုံခြုံရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့
## ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်တို့ တက်ရောက်ကြပြီး ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ချိန်အတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ကူညီမှုများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ခရီးသွားကဏ္ဍ တိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဗီယက်နမ်- မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဗီယက်နမ်- မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

◆ **မြန်မာ – ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး အဖွဲ့များ ဖိတ်ခေါ်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး**

**အမှတ်တရပစ္စည်းပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၄၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

**တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးထွန်းထွန်းအောင် | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် |
| (၂) | ဒေါ်မာလာထွဋ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| (၃) | ဦးသောင်းထွေး | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

---

## တောင်ဥက္ကလာပမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကေသရာဇာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကိုကိုက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းက လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာမ မြမဥ္ဇူဝေ(ကျုံမငေး)က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဖြေကြားသည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားတွင် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်မင်းဟန်(ပြန်/ဆက်)**

# ကျွန်ုပ်တို့၏ မျှော်လင့်ချက်များ . . .

သဲဟန်(ဘန်ကောက်)

❖ **မင်းသည် တိုင်းသူပြည်သားများကို အတတ်ပညာမျိုးစုံ သင်ကြားနိုင်ခွင့် ဖန်တီးပေးရမည်။ ဘာသာတရားနှင့် လောကနီတိသင်ကြားရန် အခွင့်အရေးများ ဖန်တီးပေးရမည်။ “သေနာစ”ဟု ခေါ်သည့် စစ်ဆင်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များဖြင့် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်ပေးရပါမည်**

❖ **မင်းအစိုးရတို့ တရားရှိလျှင် ရှိသလို တိုင်းပြည်သာယာဝပြောမည်။ တရားမရှိလျှင် မရှိသလို ဆုတ်ယုတ်ပါမည်။ မင်းတိုင်ပင်အဖွဲ့ ဌာနသုံးခုမှ အကြံပေးသည့်အတိုင်း ကောင်းမြတ်သော၊ လက်တွေ့ဆန်သော စည်းမျဉ်းဥပဒေများပြဋ္ဌာန်းပြီး ထိုစည်းမျဉ်းဥပဒေနှင့်အညီ အုပ်ချုပ်ရမည်**

ကျွန်ုပ်တို့စိတ်ကူးယဉ် မျှော်လင့်မိပါသည်။

ကျွန်ုပ်တို့ မျှော်လင့်နေသော နိုင်ငံတော်၊ ကျွန်ုပ်တို့ မျှော်လင့်နေသော နိုင်ငံရေးပါတီ၊ နိုင်ငံရေးသမား ဘယ်လိုတွေများ ဖြစ်လာကြဦးမှာပါလိမ့်။

ကျွန်ုပ်တို့ မျှော်လင့်နေသော နိုင်ငံရေးသမားများက နိုင်ငံရေးလုပ်စားသူများ မဖြစ်စေလိုပါ။ နိုင်ငံကို မိမိအရေးအတွက် လုပ်စားသူများ မဖြစ်စေလိုပါ။ နိုင်ငံ၏ အရေးကို ရေရှည်မြော်တွေးနိုင်သော၊ Vision ရှိသော Mission သာ ဖြစ်စေလိုပါသည်။

ကျွန်ုပ်တို့နိုင်ငံ၏ လားရာကို ပဲ့ကိုင်မည့် နိုင်ငံရေးသမားများသည် လူသားဆန်သော၊ စိတ်ကောင်းနှလုံးကောင်းရှိသူများသာ ဖြစ်စေလိုပါသည်။ ဖြောင့်မတ်သော၊ ဉာဏ်ပညာကြီးသော၊ ဝမ်းစာပြည့်သူများသာ ဖြစ်စေလိုပါသည်။

ကျွန်ုပ် စိတ်ကူးယဉ် မျှော်လင့်မိပါသည်။ ဗုဒ္ဓနည်းကျ နိုင်ငံရေး ပြန်လည် အသက်ဝင်ထွန်းကားစေလိုပါသည်။ ဘာသာရေးလွတ်လပ်ခွင့်ပေးထားပြီး မတူညီသောလူမျိုးနှင့် ဘာသာတရားများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒကို ဆက်လက်ထားရှိ၍ ဗုဒ္ဓဘာသာကို ပိုမို အလေးထား စောင့်ရှောက်သူများဖြစ်ပါစေဟု စိတ်ကူးယဉ်မိပါသည်။

ဗုဒ္ဓနည်းကျ နိုင်ငံရေးဟူသည်ကား အဘယ်နည်း။ ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ နိုင်ငံရေးသမားစိတ်ဓာတ်ဆိုသည်ကား အဘယ်နည်း။

ဦးကုလားရေးသားသော မဟာရာဇဝင်ကြီးမှ ရာဇဓမ္မ၊ မဟာသမ္မတဆိုသည်ကား အဘယ်သို့ ဆိုလိုရင်းမည်ပါသနည်း။

သင်္ဂဟတရားလေးပါးဆိုသည်ကား အဘယ်သို့ ဆိုလိုခြင်းမည်ပါသနည်း။

ယောအတွင်းဝန် ဦးဘိုးလှိုင်၏ ရာဇဓမ္မသင်္ဂဟကျမ်းလာ မင်းတိုင်ပင်အဖွဲ့နှင့် မနုဓမ္မသတ် ဤရှေးရိုး ဗုဒ္ဓနည်းကျအုပ်ချုပ်ရေးစနစ် ပြန်လည်သက်ဝင်လာနိုင်၊ မလာနိုင်၊ ကျွန်ုပ်စိတ်ကူးယဉ်ကြည့်မိပါသည်။

## ဗိုလ်ချုပ်ပြောသည့် နိုင်ငံရေးသမားစိတ်ဓာတ်

နိုင်ငံရေးသမားကောင်းတစ်ယောက် ဟုတ်/မဟုတ်၊ ရွှေစစ်/မစစ် ချိန်ထိုးရန် အချက် ၆ ချက်ကို ကြည့်ကြည့်ရအောင်ပါ –

(၁) တိုင်းပြည်တွင် ကျရောက်နေသည့်ဘေးကို တကယ်စွန့်စားကယ်တင်ချင်သောစိတ်ဓာတ်မျိုး ရှိရပါမည်။

(၂) အလုပ်လုပ်ကိုင်သည့်နေရာတွင် ရိုးသားမှုအပြည့်အဝ ရှိရပါမည်။

(၃) စွန့်စားရမည့်နေရာတွင်လည်း ဇွဲ၊ သတ္တိနှင့် ပြည့်စုံပြီး ကိုယ်ကျိုးစွန့်၊ အသက်ကို စွန့်ရဲသည့် စိတ်ဓာတ်မျိုး ရှိရပါမည်။

(၄) ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လုပ်ချင်တာကို အမှန်ဟုယူဆသည့် တစ်ဖက်စောင်းနင်းစိတ်ဓာတ် လုံးဝမရှိရပါ။

(၅) ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်ကိုယ်ကိုယ် အားကိုးယုံကြည်သော မျိုးချစ်စိတ်ဓာတ်ရှိရပါမည်။

(၆) အမြဲတမ်းလေ့လာသင်ကြားနေလိုစိတ်ဖြင့် လုပ်ရင်းကိုင်ရင်း လေ့လာရင်းရရှိသည့် အတွေ့အကြုံ၊ ဗဟုသုတများကို ဉာဏ်ပညာဖြင့်၊ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်နိုင်စွမ်းရှိရပါမည်။

ကိုယ်အနိုင်ရရေးအတွက် ကြမ်းပိုးကိုလိပ်ဖြစ်အောင် ပြော၊ မဲဆွယ်သည့် နိုင်ငံရေးသမားမျိုးကို ကျွန်ုပ်တို့အလိုမရှိပါ။

## မဟာသမ္မတမင်းနှင့်ရာဇဓမ္မ

ဦးကုလားရေးသားသော မဟာရာဇဝင်ကြီး၌ ဖော်ပြထားသည့် မဟာသမ္မတမင်းသည် ရာဇဓမ္မ ၁၀ ပါး၊ ရာဇဂုဏ် ၈ ပါး၊ အပရိဟာနိယတရား ခုနစ်ပါး၊ သင်္ဂဟတရား လေးပါးနှင့်အညီ အုပ်စိုးခဲ့သည်ဟု ဖော်ပြပါရှိပါသည်။ ဗုဒ္ဓနည်းကျ တိုင်းပြည်အုပ်ချုပ်သည့် မြန်မာ့ဒီမိုကရေစီစံနှုန်းဟု ဆိုရပါမည်။ ဒါန၊ သီလ၊ ပရိစ္စာဂ၊ အဇ္ဇဝ၊ မဒ္ဒဝ၊ တပ၊ အက္ကောဓ၊ အဝိဟိံသ၊ ခန္တိ၊ အဝိရောဓနကို ဖက်ဒရယ်ဒီမိုကရေစီဟု ဆိုလိုတာပါ။

၁။ “ဒါန”– ဤနေရာတွင် တိုင်းသူပြည်သားများ၏ လွတ်လပ်ခွင့်ကို တရားမျှတမှုဖြင့် ရက်ရောစွာ ခွင့်ပြုပေးကမ်းမှုဟု ဖွင့်ဆိုနိုင်ပါသည်။

၂။ “သီလ”– ဤနေရာတွင် ကိုယ်ကျင့်တရားကောင်းခြင်းဟု ဆိုလိုပါသည်။ တိုင်းသူပြည်သားများကို လိမ်ညာလှည့်ပတ်ပြောဆိုမှု၊ ကတိကဝတ်ပျက်ကွက်မှု၊ မတရား ထိခိုက်နစ်နာစေမှု ကင်းရှင်းရပါမည်။ မဲဆွယ်စဉ်က အပြောတစ်မျိုး၊ အာဏာရလာတော့ အလုပ်ကတစ်မျိုး မဖြစ်ရပါ။

၃။ “ပရိစ္စာဂ” – စွန့်ကြဲပေးကမ်းခြင်း၊ ပြည်သူများ၏ အကျိုးစီးပွားကို ဦးစားပေးပြီး မိမိကိုယ်ကျိုးကို စွန့်လွှတ်အနစ်နာခံခြင်းဟု ဆိုလိုပါသည်။ ကိုယ်က ချမ်းသာနေပြီး တိုင်းသူပြည်သားများငတ်နေလျှင် ပရိစ္စာဂပျက်စီးခြင်းမည်ပါသည်။

၄။ “အဇ္ဇဝ” – ရိုးသားဖြောင့်မတ်ခြင်း၊ တိုင်းပြည် လူအများ၊ တိုင်းရင်းသားမကျန်၊ နိုင်ငံသားအားလုံးအပေါ် ရိုးသားဖြောင့်မတ်ရပါမည်။ နိုင်ငံတကာဆက်ဆံရေး၊ သံခင်းတမန်ခင်း အတတ်ပညာများ ကျွမ်းကျင်လိမ္မာပါးနပ်စွာ ကိုင်တွယ်တတ်ရပါမည်။

၅။ “မဒ္ဒဝ”– နူးညံ့သိမ်မွေ့ခြင်း၊ နိုင်ငံသားများအပေါ် ကြင်နာသနားစိတ်နှင့် ငဲ့ညှာ၊ သက်သက်ညှာညှာ ဥပဒေနှင့်အညီ အုပ်ချုပ်တတ်ရပါမည်။

၆။ “တပ”– ခြိုးခြံချွေတာခြင်း၊ ဆိုလိုသည်မှာ နိုင်ငံသားများအပေါ် သင့်တင့်လျောက်ပတ်သည့် အခွန်၊ ဥပမာ–ဆယ်ဖို့တစ်ဖို့ကောက်ခံခြင်း၊ မနိုင်မနင်း ဝန်ပိအောင် မကောက်ရပါ။ နိုင်ငံသားများကလည်း အခွန်မရှောင်ရပါ။ အစိုးရအဖွဲ့ဝင်များနှင့် သူဌေးကြီးများသည်လည်း အခွင့်ထူးအခွင့်ခံလူတန်းစားများ မဖြစ်ရပါ။

၇။ “အက္ကောဓ”– အမျက်ဒေါသမထွက်ရပါ၊ နိုင်ငံသားများက နိုင်ငံ့အရေးသော်လည်းကောင်း၊ နိုင်ငံရေးပါတီများအပေါ် သော်လည်းကောင်း၊ အကြံပြုအပြုသဘောဆောင် ဝေဖန်ထောက်ပြလျှင် အမျက်ဒေါသဖြင့် နိုင်ထက်စီးနင်း မပြုရပါ။

၈။ “အဝိဟိံသ”–မညှဉ်းဆဲခြင်း၊ ဆိုလိုသည်မှာ အပြစ်ရှိသူကို အပြစ်အထိုက်အလျောက် အပြစ်ပေးရမည်ဖြစ်သော်လည်း ညှဉ်းပန်းနှိပ်စက်ခြင်း မပြုရပါ။

၉။ “ခန္တီ”– သည်းခံခြင်း၊ စိတ်ရှည်ခြင်း အရေးကြီးပါသည်။ အင်အားကြီးသူက အင်အားနည်းသူအပေါ် နိုင်ထက်စီးနင်း၊ ပါဝါအာဏာမပြရပါ။ စိတ်ရှည်သည်းခံ နားထောင်ပေးနိုင်ရပါမည်။ ပြဿနာဖြေရှင်းပေးနိုင်အောင် သူတို့၏ ပြဿနာဇာစ်မြစ်ကို နားထောင်ပေးရပါမည်။

၁၀။ “အဝိရောဓန”–မဆန့်ကျင်ခြင်းဟု ဆိုလိုပါသည်။ ပြည်သူများ၏ ဆန္ဒကို မဆန့်ကျင်ရပါ။ ငါနဲ့မတူ ငါ့ရန်သူ ဆန့်ကျင်မှုမျိုး မပြုလုပ်ရပါ။ ညှိနှိုင်းဆွေးနွေးစကားဝိုင်းပုံစံ လုပ်နိုင်ရပါမည်။

## ဗုဒ္ဓနည်းကျ ဒီမိုကရေစီ/ဖက်ဒရယ်ဒီမိုကရေစီ

ရာဇဓမ္မ၊ သင်္ဂဟကျမ်းလာ မဟာသမ္မတမင်းတင်မြှောက်ပုံကို ဗုဒ္ဓနည်းကျ ဒီမိုကရေစီဟုဆိုလျှင် မမှားနိုင်ပါ။ လူအပေါင်းတို့ စုဝေးပြီး အုပ်ချုပ်မည့်သူကို တညီတညွတ်တည်း သဘောတူတင်မြှောက်ခဲ့ခြင်းကြောင့် “မင်း”ဟု ပေါ်ပေါက်လာခဲ့ရပါသည်။ ပြည်သူအပေါင်းက မင်းအဖြစ် တင်ပြမည့်သူကို ဤသို့ပြောပါသည်။ **“ကျွန်ုပ်တို့ ပြည်သူတွေ အချင်းချင်းခိုက်ရန်ဖြစ်ပွားပါက စီရင်ဆုံးဖြတ်ပေးမယ့်သူ မရှိဖြစ်နေပါတယ်။ သင်သည် လယ်လုပ်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း မပြုပါနှင့်၊ ကျွန်ုပ်တို့ လုပ်ဆောင်သော စီးပွားမှ အခွန်ဘဏ္ဍာများ ဆောင်ကြပါမယ်။ မင်းကျင့်တရားနဲ့အညီသာ အသင့်စီမံအုပ်ချုပ်ပေးပါ”**လို့ တောင်းဆိုပြီး အုပ်ချုပ်ခိုင်းခြင်းကြောင့် အုပ်ချုပ်သည့်မင်း ပေါ်ပေါက်လာခဲ့ရသည်ဟု ဖတ်မှတ်ခဲ့ဖူးပါသည်။ တိုင်းပြည်ကို အမှန်တကယ်စောင့်ရှောက်နိုင်မည့် ဉာဏ်ပညာနှင့် ပြည့်စုံသော သူကို မင်းအဖြစ် တင်မြှောက်ကြခြင်းကြောင့် မဟာသမ္မတမင်းဟု ခေါ်တွင်လာကြကြောင်း မှတ်သားလေ့လာဖူးပါသည်။

“မင်း”ဆိုသည့် သက်ဦးဆံပိုင်အခွင့်အရေးကို "Divine Right of Kings" ပြည်သူကြောင့် ပေါ်ပေါက်လာရသော သင်္ဂဟတရားလေးပါးနှင့်အညီ အုပ်ချုပ်စေခြင်းကြောင့် တိုင်းပြည်အုပ်ချုပ်သူ “မင်း”သည် ပြည်သူက ပေးအပ်သည့် တာဝန်၊ အမှုတော်ကို ထမ်းဆောင်ရသော၊ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ရသော “မဟာသမ္မတ”ဟု ပေါ်ပေါက်ခဲ့ရသည်ကို စာပေ၌ အတိအကျ မှတ်သားခဲ့ရဖူးပါသည်။

## သင်္ဂဟတရားလေးပါး

သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂ အဋ္ဌကထာ၊ ယညသုတ္တဝဏ္ဏနာ စာမျက်နှာ ၁၃၃ ကို ကျမ်းကိုးယူရလျှင် (က) သဿမေဓ (ခ) ပုရိသမေဓ (ဂ) သမ္မာပါသ (ဃ) ဝါစာပေယျဟု ဖော်ပြထားပါသည်။

(က) “သဿမေဓ”ဆိုသည်မှာ လူအပေါင်းတို့သည် မိမိတို့ရှာဖွေစုဆောင်းရရှိလာသည့် ပစ္စည်းများထဲမှ ဆယ်ဖို့တစ်ဖို့ကို မင်းထံအခွန်ဆောင်ရပါသည်။ တချို့ ပါဠိကျမ်းဂန်များတွင် ဆယ်ဖို့တစ်ဖို့ဟု မပြောဘဲ နိုင်ငံ့အင်အား အလျောက် သင့်လျော်အောင် ကောက်ခံရန်သာ ဖော်ပြပေးပါသည်။ ဝင်ငွေသိပ်နည်းပါးသူများကို သင့်တင့်လျောက်ပတ်အောင်သာ ကောက်ခံပြီး ထိုအခွန်ငွေဖြင့် တိုင်းပြည် သာယာဝပြောအောင် အုပ်ချုပ်ရန်ဖြစ်ပါသည်။ ပြည်သူက ဆောင်သောအခွန်ငွေဖြင့် လမ်းတံတား၊ ဆက်သွယ်ရေး၊ လျှပ်စစ် စသော အဆောက်အအုံများ တိုးတက်အောင် အုပ်ချုပ်ရန်သာဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် လစာနည်းသူ အချိုးကျနည်းနည်းဆောင်ရပြီး (ဥပမာ–၁၀ ရာခိုင်နှုန်း)၊ လခများသူက များသလို (ဥပမာ–၄၀ ရာခိုင်နှုန်း)ဆောင်ရပါသည်။

(ခ) “ပုရိသမေဓ”–ဆိုသည်မှာ မင်း၊ မှူးမတ်၊ ရဲမက်၊ လက်နက်ကိုင်၊ လုံခြုံရေးဝန်ထမ်းများ၊ သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေရသူများကို ကောက်ခံရရှိသည့် အခွန်များထဲမှ မိသားစုစားဝတ်နေရေး၊ ပညာရေး နောက်ကြောင်းအေးအောင် ပေးကမ်းထောက်ပံ့ရပါမည်။ နိုင်ငံကို လုံခြုံရေးကာကွယ်စောင့်ရှောက်ပေးသူများကို ကြီးစဉ်ငယ်လိုက် စားဝတ်နေရေး၊ သားသမီး၊ ပညာရေးလုံလောက်အောင် ထောက်ပံ့ ပံ့ပိုးပေးရမည်မှာ မဟာသမ္မတ၏ မင်းတို့ကျင့်ရမည့် တရားသာဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဝင်များကို လုံလောက်အောင် ပံ့ပိုးပေးနိုင်လျှင် လာဘ်စားမှု၊ အဂတိလိုက်စားမှုနည်းပြီး တရားဥပဒေစိုးမိုးရေး ပိုကောင်းမွန်လာနိုင်ပါသည်။ ရဲတပ်ဖွဲ့တန်းလျား၊ စစ်သည်တန်းလျားများကို သွားကြည့်မိလျှင် ဘာကြောင့်ဖွံ့ဖြိုးပြီးနိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များကို လာဘ်ထိုး၍ မရသလဲဟု အဖြေထွက်လာပါသည်။ နိုင်ငံတော်က လုံလောက်အောင် လုံခြုံရေးဝန်ထမ်းများကို စောင့်ရှောက်ပေးရန် အလွန်ကို လိုအပ်နေပါပြီ။

*စာမျက်နှာ ၇ သို့*

**ရွေးကောက်ပွဲကျင်းပရန် ၇၂ ရက် သာ လိုတော့သည်။**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- ❖ မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- ❖ မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ❖ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ❖ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

*စာမျက်နှာ ၆ မှ*

(ဂ) "သမ္မာပါသ"- ဆိုသည်မှာ ပြည်တွင်းရှိ ကုန်သည်၊ လယ်လုပ် ယာလုပ် လယ်သမားများကို ကြည့်ရှုစောင့်ရှောက်ခြင်း၊ အရင်းအနှီးလိုအပ်လျှင် ထုတ်ပေးခြင်း၊ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ လယ်သမားထုတ်လုပ်သူများအတွက် ဈေးကွက်ရှာပေးခြင်း၊ ရောင်းအားမြင့်အောင် ကြားဝင်ကူညီပေးခြင်းများ၊ လွတ်လွတ်လပ်လပ် ကုန်သွယ်လုပ်ကိုင်နိုင်မည့် စည်းမျဉ်းဥပဒေများ အတိုးအလျှော့ ကိုင်တွယ်ပေးခြင်းများ ပါဝင်ပါသည်။ ကုန်သည်လယ်လုပ်များက အုပ်ချုပ်သူတို့အပေါ် အားကိုးလာမည်။ ကြည်ညိုလာမည်၊ ချစ်ခင်လာမည်၊ အားကိုး ချစ်ခင်စိတ်များရှိလာအောင် အုပ်ချုပ်သူများက အလုပ်နှင့် သက်သေပြကြရပါမည်။ သမ္မာပါသဆိုသည်မှာ အုပ်ချုပ်သူလူတန်းစားကို ပြည်သူက ချစ်ခင်အားကိုး ယုံကြည်မှုရအောင် တကယ်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

(ဃ) "ဝါစာပေယျ"-ဆိုသည်မှာ မင်းသည် ချီးမြှောက်ထောက်ပံ့ခြင်း ပြုပေးရသည်။ ကိုယ်ရသည်ကို ပေးတန်သလောက် ပြန်ပေးရသည်။ အမြဲပြုံးရွှင်နေပြီး ချစ်ဖွယ်သော စကားကို ဆိုတတ်ခြင်း၊ ပြည်သူချစ်အောင် နေတတ်ခြင်း၊ ပြည်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ နွေးထွေးစွာ နေထိုင်ပြောဆိုတတ်ခြင်းများကို ဝါစာပေယျဟု စာတွင် ပြောထားပါသည်။

နိရဂ္ဂဠတရားနှင့် ပြည့်စုံသည့်နိုင်ငံကို နိရဂ္ဂဠတံခါးရွက်၊ မင်းတုပ်မရှိသော မင်းကျင့်တရားနှင့် ပြည့်စုံသောနိုင်ငံဟု ခေါ်ပါသည်။ မင်းတို့က ဉာဏ်သင်္ဂဟတရားလေးပါးနှင့်အညီ အုပ်ချုပ်ကြသည်။ တိုင်းနေပြည်တော်အတွင်း ခိုးဝှက်လုယက်မည့်သူ မရှိ၊ အိမ်ဝင်းနှင့် မြို့ပြများတွင် တံခါးရွက်၊ မင်းတုပ်နှင့် ----- မတပ်ဘဲ ဟင်းလင်းဖွင့်ပြီး နေထိုင်နိုင်ကြသည်။

### မင်းတိုင်ပင်အဖွဲ့

ရာဇဓမ္မသင်္ဂဟကျမ်းတွင် ယောအတွင်းဝန် ဦးဘိုးလှိုင်က မနုဓမ္မသတ်ဆိုသည့် ပြည်ထောင်စုအစိုးရ၊ တိုင်းပြည်အုပ်ချုပ်ပုံကို ရှင်းပြထားပါသည်။ မနုဓမ္မသတ်၌ "မင်းနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်နည်းဖြင့် အုပ်ချုပ်ရမည်။ သို့မှသာ အသိဉာဏ် တိုးတက်မည်၊ မင်းတိုင်ပင်အဖွဲ့ထားရမည်"ဟု ဆိုထားပါသည်။ မင်းတိုင်ပင်အဖွဲ့တွင် ဘာတွေပါသလဲဆိုလျှင် -

(၁) ဝိဇ္ဇာရိယသဘာ{ ပညာရေး (သို့) ဥပဒေပြုရေးလွှတ်တော်}၊

(၂) ဓမ္မာရိယာသဘာ{သာသနာရေး (သို့) တရားစီရင်ရေးတရားလွှတ်တော်}၊

(၃) ရာဇာရိယသဘာ{အုပ်ချုပ်ရေး (သို့) ပြည်ထောင်စုအစိုးရအဖွဲ့} ထိုသို့ သုံးဌာနခွဲပြီး တိုင်းပြည်ကို ပူးပေါင်းအုပ်ချုပ်ခြင်း ဖြစ်သည်။

မင်းသည် တိုင်းသူပြည်သားများကို အတတ်ပညာမျိုးစုံ သင်ကြားနိုင်ခွင့် ဖန်တီးပေးရမည်။ ဘာသာတရားနှင့် လောကနီတိသင်ကြားရန် အခွင့်အရေးများ ဖန်တီးပေးရမည်။ "သေနာစ"ဟု ခေါ်သည့် စစ်ဆင်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များဖြင့် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်ပေးရပါမည်။

ညီလာခံတွင် တိုက်တွန်းပေးရမည့်၊ မင်းတို့၏ တာဝန်အနေဖြင့် အမြဲနှိုးဆော် ပေးနေရမည်မှာ "ယဉ်ကျေးပြီး၊ အရည်အချင်းရှိသော၊ စည်းကမ်းရှိသော အမတ်မင်းများဖြစ်စေရန် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အစီအရင်ဥပဒေကို လေးစားလိုက်နာကြလော့" ဟု မိမိအစိုးရအဖွဲ့ကို အမြဲသတိပေးနှိုးဆော်နေရပါမည်။

မင်းတိုင်ပင်အဖွဲ့က ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးရမည်ဖြစ်သလို တစ်ဦးတစ်ယောက်တည်းကိုသာ အာဏာကုန်လွှဲအုပ်ချုပ်ခွင့် မပြုရပါ။ ရှေးမင်းတို့အုပ်ချုပ်ရာ၌ "မင်း"နှင့် "မင်းတိုင်ပင်အဖွဲ့"သည် ပြည်သူ့လက်အောက်၊ ပြည်သူသည်လည်း "မင်း"နှင့် "မင်းတိုင်ပင်အဖွဲ့"၏ လက်အောက် Check & Balance ရှိရပါမည်။ အဆင့်ဆင့် ပြန်လည်ထိန်းချုပ်ပြီး ညှိနှိုင်းအုပ်ချုပ်ရေးဖြစ်ပါသည်။ ဌာနတစ်ခုနှင့်တစ်ခု မညှိနှိုင်းဘဲ သူတစ်လူငါတစ်မင်း ထင်ရာစိုင်း အာဏာမပြရပါ။

### မင်း၏ အရည်အချင်း

ရွေးခေတ်မင်းရွေးသည့်အခါ ရှိရမည့်အရည်အချင်းများ သတ်မှတ်ထားပြီး ဖြစ်ပါသည် -

(၁) လူအပေါင်းတို့ထက် ထူးကဲသော အစိုးရချင်းကို ပြုတတ်သူ၊

(၂) ရန်သူအပေါင်းတို့အား အောင်နိုင်စွမ်းသောသူ၊

(၃) သဘာပတိဖြစ်ထိုက်သော ချီးကျူးလောက်သောဂုဏ်၊ ကိစ္စသဘောတရားနှင့် ပြည့်စုံသောသူ၊

(၄) ပူဇော်သက္ကာယပြုထိုက်သောသူ၊

(၅) ခိုကိုး အားကိုးထိုက်သောသူ၊

(၆) ရှိခိုးထိုက်သောသူကိုသာ ဥက္ကဋ္ဌ၊ သဘာပတိတင်မြှောက်ကြရပါသည်။ ပညာရှိတို့နှင့် ပြည့်နေသော၊ မြတ်သော အစိုးရအဖွဲ့ဝင်များ ဖြစ်စေရပါမည်။ တိုင်းပြည်၏အမွေအနှစ်၊ ဥစ္စာပစ္စည်းတို့ကို စောင့်ရှောက်ပေးနိုင်သူ ဖြစ်ရပါမည်။ ပြည်သူနှင့် မကင်းကွာ၊ ပြည်သူ့အသံကို နားထောင်ပေးသူနှင့် နီးနှောတိုင်ပင်သူ၊ မျက်နှာကြီးငယ်မလိုက်ဘဲ ဥပဒေနှင့်အညီ အုပ်ချုပ်သူဖြစ်ရပါမည်။ ပြည်သူ ပြည်သားအားလုံး၏ အဆွေခင်ပွန်း၊ ကြင်နာတတ်သော တစ်နိုင်ငံလုံးရှိ ရန်အပေါင်းကို ကင်းစင်အောင် တိုက်ထုတ်၊ ဖြေရှင်း၊ စောင့်ရှောက်ပေးနိုင်သူ ဖြစ်ရပါမည်။

မင်းအစိုးရတို့ တရားရှိလျှင် ရှိသလို တိုင်းပြည်သာယာဝပြောမည်။ တရားမရှိလျှင် မရှိသလို ဆုတ်ယုတ်ပါမည်။ မင်းတိုင်ပင်အဖွဲ့ ဌာနသုံးခုမှ အကြံပေးသည့်အတိုင်း ကောင်းမြတ်သော၊ လက်တွေ့ဆန်သော စည်းမျဉ်းဥပဒေများပြဋ္ဌာန်းပြီး ထိုစည်းမျဉ်းဥပဒေနှင့်အညီ အုပ်ချုပ်ရမည်ဖြစ်ပါသည်။

မင်းတိုင်ပင်အဖွဲ့သည် တိုင်းသူပြည်သားများ သာယာဝပြောရေးအတွက် အမှန်တကယ် အပီအပြင် အကြံပေးနိုင်သူ ဖြစ်ရပါမည်။ အကြံပြုသူများကိုလည်း လက်ခံရမည်ဖြစ်ပါသည်။ ဥပဒေဘောင်အတွင်းမှ အများပြည်သူ၏ အကျိုးတရားကို ပြုမွဲ့သူဖြစ်ရပါမည်။

ကျွန်ုပ်စိတ်ကူးယဉ်မျှော်လင့်မိပါသည်။

ကျွန်ုပ်မျှော်လင့်နေသော အမိမြန်မာနိုင်ငံတော်သည် ဝမ်းစာပြည့်သော နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများ၊ လူသားဆန်သော ဖြောင့်မတ်သော သမာသမတ်ရှိသူများဖြင့် ဖွဲ့စည်းထားသည့် မဟာသမ္မတနှင့် ဗုဒ္ဓနည်းကျသော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးကို သင်္ဂဟလေးပါး၊ မင်းကျင့်တရားနှင့်အညီ နိုင်ငံတော်ကို ပြန်လည်ပြုပြင်ဦးဆောင်နိုင်သည့် ဗုဒ္ဓနည်းကျ နိုင်ငံတော်သစ်ကြီးအဖြစ် ရှေ့သို့ချီနိုင်ရန် ကျွန်ုပ်စိတ်ကူးယဉ်မိပါသည်။ ။

# "ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း" အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ထိုင်းနိုင်ငံ သံအမတ်ကြီးဟောင်းနှင့် အိန္ဒိယနိုင်ငံတို့မှ ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆** တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အစီအစဉ်အဖြစ် "ငြိမ်းချမ်းသော မြန်မာ့အနာဂတ် တည်ဆောက်ခြင်း" အလုပ်ရုံ ဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်း ရှင်းဗဟိုဌာန(၁) ကျောက်စိမ်း ခန်းမ၌ ဆက်လက် ကျင်းပ သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် အဖွဲ့ဝင်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်း ရေးကော်မတီဝင်များ၊ တပ်မတော် အငြိမ်းစား အရာရှိကြီးများ၊ သံအမတ်ကြီးများနှင့် နိုင်ငံတကာ မှ ဆွေးနွေးကြမည့် ပြည်ပပညာ ရှင်များ၊ လေ့လာသူများ၊ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင် ဆောင်ရွက်သူများ၊ ပါဝင်သင့် ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း များမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ် သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ထို့နောက် "ပဋိပက္ခဖျန်ဖြေ ရေးလုပ်ငန်းများနှင့် ရွေးကောက် ပွဲများ၌ လူထုပါဝင်ရေး စည်းရုံးရာ တွင် နိုင်ငံရေးပါတီများ၏ အခန်း ကဏ္ဍကို ပြန်လည်သုံးသပ်ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်းအစီ အစဉ်ဆောင်ရွက်ရာ သဘာပတိ က အဖွင့်အမှာစကား ပြောကြား ပြီး ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ ပညာရှင်များက "ရွေးကောက်ပွဲ၊ ဒေသန္တရအုပ်ချုပ် ရေးနှင့် ရွေးကောက်ပွဲအလွန် ရှေ့လုပ်ငန်းစဉ်များ"၊ "ငြိမ်းချမ်း ရေးဖြစ်စဉ်အတွင်း အရပ်သားများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့ အစည်းများနှင့် ငြိမ်းချမ်းရေးအကျိုး ဆောင်များ၏ အခန်းကဏ္ဍ"၊ "လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ၊ ယုံကြည်မှု တည်ဆောက်ခြင်း၊ တတိယ အုပ်စုမှ ကြားဝင်စေ့စပ်ပေးခြင်း နှင့် အကျိုးဆောင်ခြင်း" တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ကြသည်။

ဆွေးနွေးမှုများအပေါ် တက် ရောက်လာကြသူများက သိရှိလို သည်များ မေးမြန်းဆွေးနွေးကြ ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ သုံးသပ်ဆွေးနွေးခြင်းတို့ဆောင်ရွက် ကြပြီး အမျိုးသားစည်းလုံးညီညွတ် ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က ဦးဆောင် ဆွေးနွေးကြသော ပညာရှင်များ အား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲ တက်ရောက်လာသူများသည် အဖွဲ့ (၂)ဖွဲ့ခွဲ၍ ဆွေးနွေးခြင်းအစီအစဉ် ကိုဆောင်ရွက်ရာ နိုင်ငံရေးကဏ္ဍ တွင် အဖွဲ့(၁)က "ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် လက်နက် ကိုင်မဟုတ်သည့် လူမှုအသိုက် အဝန်းများ၊ အရပ်ဘက်တိုင်းရင်း သား ခေါင်းဆောင်များ၊ လူမှုအဖွဲ့ အစည်းများ၊ အမျိုးသမီးများ၊ လူငယ်များနှင့်အနာဂတ်မျိုးဆက် များ၏ စွမ်းဆောင်ရည် မြှင့်တင် ခြင်း"၊ "မြန်မာနိုင်ငံ၏ ငြိမ်းချမ်း သာယာသော အနာဂတ် တည်ဆောက်ရန်အတွက် နိုင်ငံ၏ လက်ရှိ ပကတိအခြေအနေနှင့် လက်တွေ့ကျကျ ရှေ့ဆက်လက် ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဖော်ထုတ် ခြင်း" တို့နှင့် စပ်လျဉ်း၍လည်း ကောင်း၊ စီးပွားရေးကဏ္ဍတွင် အဖွဲ့ (၂)က "မြန်မာနိုင်ငံ၏ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးဆောင်ရွက် ရာ၌ ပထဝီစီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဖော်ထုတ် ခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်နိုင် မည့် နည်းလမ်းများ ဖော်ထုတ် ခြင်း"၊ "မြန်မာနိုင်ငံ၏ ငြိမ်းချမ်း သာယာသော အနာဂတ် တည်ဆောက်ရန်အတွက် နိုင်ငံ၏ လက်ရှိ ပကတိအခြေအနေနှင့် လက်တွေ့ကျကျ ရှေ့ဆက်လက် ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း" တို့နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြရာ **(အောက်ဝဲပုံ)** သဘာပတိများက အမှာစကား များပြောကြားကြပြီး ဦးဆောင် ဆွေးနွေးသူများက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက်ဆွေးနွေးကြကာ တက်ရောက် လာကြသူများက အမြင်သဘောထားများ ဆွေးနွေး ခြင်း၊ မေးခွန်း မေးမြန်းခြင်း၊ ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း တို့ ဆောင်ရွက်ကြသည်။

ထို့ပြင် ဆွေးနွေးပွဲတွင် မြန်မာ နိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် လူ့စွမ်းအား အရင်းအမြစ်များ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး၊ ပထဝီစီးပွားရေးဆိုင်ရာ အခွင့် အလမ်းများဖော်ထုတ်၍ စီးပွား ရေးအခန်းကဏ္ဍမြှင့်တင်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို နိုင်ငံ၏ လက်ရှိ ပကတိအခြေအနေနှင့် လက်တွေ့ ကျကျ ဆက်လက်ဆောင်ရွက်ရေး တို့နှင့်စပ်လျဉ်း၍လည်း အသေး စိတ် ဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်မဲမြို့ အထက(နောင်ပိန်)ထပ်မံဖွင့်လှစ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၆** ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ ကျောင်းသား ကျောင်းသူများ အမြန်ဆုံး ပညာ သင်ကြားနိုင်ရေးအတွက် ကျောင်း များ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြရာ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းကို အောက်တိုဘာ ၈ ရက်တွင်လည်းကောင်း၊ အမှတ် (၄) အခြေခံပညာအထက်တန်း ကျောင်းနှင့် အမှတ်(၄) အခြေခံ ပညာ အလယ်တန်းကျောင်းကို အောက်တိုဘာ ၁၅ ရက်တွင်လည်း ကောင်း ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်း (နောင်ပိန်)ကို ထပ်မံဖွင့်လှစ်နိုင် ခဲ့ရာ ယနေ့အထိ အခြေခံပညာ ကျောင်း လေးကျောင်း ဖွင့်လှစ်ပေး နိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကျောင်းများ၌ ကျောင်း အပ်လက်ခံခြင်းများ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်း လာရောက်အပ်နှံမှု အနေဖြင့် ယနေ့တွင် ကျောင်းသား ကျောင်း သူ ၅၈၉ ဦး ထပ်မံကျောင်းအပ်နှံ ခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၆၃၆ ဦး ကျောင်း တက်ရောက်လျက်ရှိပြီး စာပေ ပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရှိရ သည်။ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ ပေးအပ်သည့် ကျောင်းသုံးစာအုပ် များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါ တည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည် များ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ကျောက်မဲမြို့သို့ ပြန်လည် ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင် စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်း နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာန ဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာ နေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များအတွက် ကျန်းမာရေးဝန်ကြီး ဌာနနှင့် တပ်မတော်မှ ဆရာဝန် များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ် ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ် ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ တွင် ပြင်ပလူနာ ၉၁ ဦးနှင့် ဆေးရုံ တက်ရောက်ကုသရန်လိုအပ်သော လူနာ တစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ ကျင်းပတဲ့အချိန်အခါဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကူးအပြောင်းကာလအတွက် ဒီအချိန်က အင်မတန် အရေးကြီးပါတယ်

**H.E. Mr. Shri Abhay Thakur မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကို မျှဝေနိုင်ရန်အတွက် အဓိကသက်ဆိုင်ရာ အဖွဲ့အစည်းများ၊ Stakeholders များအကြား ပါဝင်သင့် ပါဝင်ထိုက်သူအားလုံးပါဝင်သည့် ကျယ်ပြန့်သောတွေ့ဆုံဆွေးနွေးမှုများကို မြှင့်တင်ရန်၊ NCA ၏ ပကတိအနှစ်သာရနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြည်သူလူထု သဘောပေါက်သိရှိနားလည်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်ရန်၊ အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်၊ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ဒေသန္တရအဆင့်၊ နိုင်ငံတကာအဆင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ တက်ရောက်လာသည့် ငြိမ်းချမ်းရေးလိုလားသူတို့၏ သဘောထား၊ အမြင်များကို စုစည်းဖော်ပြလိုက်ရပါသည်။


ဒေါက်တာ ဇော်ဦး


H.E. Mr. Shri Abhay Thakur


ဒေါက်တာ ခင်မောင်ဦး


ဦးညိုအုန်းမြင့်


ဦးညီရန်း


ဦးခေါတိန့်


ဦးစောသန်းမြင့်

**ဒေါက်တာ ဇော်ဦး**
**စီးပွားရေးပညာရှင်**

ဒီနှစ်ဆွေးနွေးပွဲမှာ နိုင်ငံတကာပညာရှင်တွေ လာရောက်ဆွေးနွေးတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုပါဝင်ပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရင်တုန်းက ဆွေးနွေးခဲ့ခြင်းမရှိတဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ကိစ္စတွေကို ထည့်သွင်းဆွေးနွေးသွားကြမှာဖြစ်ပါတယ်။ အဓိကက နိုင်ငံတကာမှာ ပိုပြီး ရှေ့တန်းကိုရောက်ရှိလာတဲ့ ပထဝီစီးပွားရေးအကြောင်းအရာတွေ ဖြစ်ပါတယ်။ အရင်က ပထဝီနိုင်ငံရေးကြောင့် ပဋိပက္ခတွေ ဖြစ်ကြတယ်။ အခုကာလမှာတော့ ပထဝီစီးပွားရေးကို ဖော်ဆောင်ရင်း ပဋိပက္ခတွေကို ကျော်လွှန်ပြီးတော့ ငြိမ်းချမ်းရေးရရှိလာကြတဲ့ သာဓကတွေလည်း ရှိလာပါတယ်။ ပြည်တွင်းပဋိပက္ခတွေရှိတဲ့ နိုင်ငံတော်တော်များများမှာ ပထဝီစီးပွားရေးအခွင့်အလမ်းတွေ ပေါ်လာတာကြောင့် ငြိမ်းချမ်းရေး ရရှိလာကြတယ်။ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားမှာ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးရရှိဖို့ ပထဝီစီးပွားရေးအခွင့်အလမ်းတွေ ဘာတွေရှိနေသလဲ၊ ဒီအခွင့်အလမ်းတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းပြီး ဘယ်လိုဆောင်ရွက်မလဲဆိုတာ ဆွေးနွေးကြမယ်။

ဆွေးနွေးပွဲ ဒုတိယနေ့နဲ့ တတိယနေ့မှာက ပထမနေ့ ဆွေးနွေးထားတဲ့ နိုင်ငံတကာက တင်ပြချက်တွေ၊ အကြံပြုချက်တွေကိုအခြေခံပြီး တက်ရောက်လာတဲ့ ငြိမ်းချမ်းရေးမှာ ပါဝင်ခဲ့သူတွေရဲ့ သုံးသပ်မှုတွေနဲ့ပေါင်းစပ်ပြီး ရှေ့ကိုဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ဖော်ထုတ်သွားဖို့လည်း ရှိပါတယ်။

ဆွေးနွေးမှုတွေကနေ အနာဂတ်အတွက် ပေါ်ထွက်လာမယ့် အကြံပြုချက်တွေကိုဖော်ထုတ်ပြီး ပေါ်ပေါက်လာမယ့် အစိုးရအသစ် ဆက်လက်ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ အနာဂတ်ကာလမှာ လက်တွေ့ဆောင်ရွက်လို့ရမယ့် အရာတွေကို အကြံပြုနိုင်တဲ့အထိ အခုဆွေးနွေးပွဲကနေ ဖော်ထုတ်သွားမှာဖြစ်ပါတယ်။

**H.E. Mr. Shri Abhay Thakur**
**မြန်မာနိုင်ငံဆိုင်ရာ**
**အိန္ဒိယနိုင်ငံသံအမတ်ကြီး**

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ ကျင်းပတဲ့ အချိန်အခါဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကူးအပြောင်းကာလအတွက် ဒီအချိန်က အင်မတန် အရေးကြီးပါတယ်။ ဒီလိုအခမ်းအနားမှာ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အင်မတန် ဝမ်းသာပါတယ်။ သမိုင်းတွင်မယ့် ဖြစ်စဉ်တစ်ခုလို့လည်း ယုံကြည်ပါတယ်။ NCA ကို ငြိမ်းချမ်းစွာ အပြည့်အဝအကောင်အထည်ဖော်ဖို့ဆိုရင် နိုင်ငံအတွင်းက ပါတီအဖွဲ့အစည်းတွေအပေါ်မှာ မူတည်တယ်လို့ ထင်မြင်မိပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို စောင့်ကြည့်အကူအညီပေးသွားမှာဖြစ်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့အတူ ကျွန်တော်တို့ အတူတကွ လာရောက်ပြီးတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အဖြေရှာကြတာ ဖြစ်ပါတယ်။

**ဒေါက်တာ ခင်မောင်ဦး**
**ဥက္ကဋ္ဌ၊ ညီညွတ်ရေးနှင့်**
**ဖွံ့ဖြိုးတိုးတက်ရေးပါတီ**

ဒီနေ့ ဒုတိယနေ့ဆွေးနွေးပွဲမှာ နိုင်ငံတကာပညာရှင်တွေ၊ သံအမတ်ကြီးတွေ၊ အိန္ဒိယနိုင်ငံက ပညာရှင်တွေ၊ မလေးရှားနိုင်ငံက ပညာရှင်တွေ တက်ရောက်လာကြတယ်။ ပြီးတော့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး NCA အကောင်အထည်ဖော်မှုကို နောင်လာမယ့် ထွက်ပေါ်လာမယ့် အစိုးရလက်ထက်မှာ ဆက်လက်ဆောင်ရွက်ရမယ့်ဟာတွေကို Roadmap ပုံစံမျိုး ဒီနေ့ဆွေးနွေးပွဲမှာ ဆွေးနွေးသွားကြပါတယ်။ နောင်ထွက်ပေါ်လာမယ့် အစိုးရလက်ထက်မှာ ငြိမ်းချမ်းသာယာပြီး အားလုံးပြည့်ပြည့်စုံစုံနဲ့ ဖွံ့ဖြိုးတိုးတက်မယ့် လမ်းကြောင်းတစ်ခုအပေါ် တွန်းတင်ပေးလိုက်တဲ့ ဆွေးနွေးပွဲတစ်ခုလို့ မြင်မိပါတယ်။

အများကြီးအထောက်အကူပြုနိုင်မှာပါ။ ငြိမ်းချမ်းမှုမရှိရင် ပြည်သူတွေ ဘယ်လိုဒုက္ခတွေ ခံစားရတယ်၊ ဘယ်လို အခက်အခဲတွေ ရင်ဆိုင်ရတယ်၊ ဘယ်လိုတွေဖြတ်သန်းနေရတယ် ဆိုတာတွေကို ပြည်သူတွေ အသိဆုံးပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲက မနေ့ကအခမ်းအနားမှာ သူ့ရင်ထဲကလာတဲ့ ပြည်သူတွေအတွက် စိတ်စေတနာကို ပြောကြားထားပါတယ်။ ပြည်သူတွေအတွက် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ချင်တယ်၊ ငြိမ်းချမ်းချင်တယ်၊ နိုင်ငံတကာမှာ မျက်နှာပန်းလှချင်လို့ နိုင်ငံတော်အကြီးအကဲအနေနဲ့ ကြိုးစားဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဖို့ ကြိုးစားနေပါတယ်။

**ဦးညိုအုန်းမြင့်**
**အကြံပေး၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့**

နိုင်ငံရေးအခင်းအကျင်း၊ ဒေသန္တရနိုင်ငံရေးအခင်းအကျင်း၊ ပထဝီနိုင်ငံရေးအခင်းအကျင်း ပြောင်းလဲလာတဲ့အတွက် မျှော်လင့်ချက်တစ်ခု ရှိလာပါတယ်။ ပဋိပက္ခရဲ့ပြဿနာက နိုင်ငံရေးရဲ့ပြဿနာပါပဲ။ ဒီလိုငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ များများပြုလုပ်လေလေ၊ ပါဝင်ပတ်သက်သူဦးရေတွေ တိုးလာလေလေဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း ငြိမ်းချမ်းရေးကို အလေးထားကြောင်း ခဏခဏ ပြောကြားပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ စဉ်းစားချက်တွေက နိုင်ငံရေးရော၊ ငြိမ်းချမ်းရေးရော အပြိုင်သွားဖို့ ကြိုးစားတယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် လက်နက်ကိုင်အင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေ၊ နိုင်ငံရေးအရ မတူညီတဲ့အရာတွေကို စားပွဲဝိုင်းပေါ်မှာ ဖြေရှင်းလို့ရနိုင်တဲ့အနေအထားနဲ့ နိုင်ငံရေးပြောင်းလဲမှုလုပ်ဖို့ လိုမယ်လို့ထင်ပါတယ်။

**ဦးညီရန်း**
**ဆက်ဆံရေးတာဝန်ခံ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)**

ကျွန်တော် NCA (၁၀)နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားကို တက်ရောက်ရခြင်းက ငြိမ်းချမ်းရေးကို တန်ဖိုးထားတဲ့အနေနဲ့ တက်ရောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ "ဝ"အဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးရယူထားတာ နှစ်ပေါင်း ၄၀ နီးနီး လောက်ရှိပြီ ဖြစ်ပါတယ်။ ဒီနေ့ အခမ်းအနားကြီးကနေ ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးမျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ၊ လုပ်ဆောင်ချက်တွေကို အားပေးတဲ့အတွက် ဒီအခမ်းအနားကို ပါဝင်တက်ရောက်လာခြင်းဖြစ်ပါတယ်။

**ဦးခေါတိန့်**
**အတွင်းရေးမှူး၊**
**ဒီမိုကရေစီပါတီသစ်(ကချင်)**

(၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ကဏ္ဍစုံ၊ နယ်ပယ်စုံက ပုဂ္ဂိုလ်တွေ စုံစုံလင်လင် တက်ရောက်ကြတဲ့အတွက် ဒီနေ့အခမ်းအနားက ထူးခြားပါတယ်။ နိုင်ငံငြိမ်းချမ်းပြီး သာယာဝပြောဖို့၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ရှေးရှုပြီး ရွေးကောက်ပွဲကျင်းပသွားမယ်လို့ ပြောကြားသွားတဲ့အတွက် ကျွန်တော်တို့ပြည်သူလူထုအားလုံး အားတက်ရပါတယ်။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းဖို့က ရွေးကောက်ပွဲအကြိုမှာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့က အရေးကြီးပါတယ်။ ရွေးကောက်ပွဲ အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ ကြိုးစားရမယ်။ နှစ်ကာလကြာမြင့်စွာတည်ရှိနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့၊ ငြိမ်းချမ်းဖို့က ပြည်သူတွေအားလုံး လိုလားတောင့်တနေတာပါ။ အမြန်ဆုံးငြိမ်းချမ်းချင်ကြတယ်။ အမြန်ဆုံး တိုင်းပြည်သာယာဝပြောစေချင်တယ်။ ဒါကြောင့် ရွေးကောက်ပွဲအလွန်ကာလမှာ ပေါ်ပေါက်လာမယ့် အစိုးရနဲ့ လွှတ်တော်အတွက် အကောင်းဆုံး အထောက်အကူပြုနိုင်အောင် အခုလို နိုင်ငံရေးနည်းနဲ့ ဆွေးနွေးအဖြေရှာကြတာ ဖြစ်ပါတယ်။

**ဦးစောသန်းမြင့်**
**တွဲဖက်အထွေထွေအတွင်းရေးမှူး၊**
**ရှမ်းနှင့် တိုင်းရင်းသားများ**
**ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)**

ကျွန်တော်တို့ တိုင်းရင်းသားအားလုံးအတွက် ငြိမ်းချမ်းရေးက အဓိကအလိုအပ်ဆုံး အရာပဲဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနဲ့ နိုင်ငံသားအားလုံးကို ဆိုလိုခြင်းဖြစ်ပြီး အားလုံးက ငြိမ်းချမ်းချင်ကြပါတယ်။ ကျွန်တော်တို့ ပါတီတွေက ပိုပြီးငြိမ်းချမ်းချင်ပါတယ်။ ကျွန်တော်တို့ပါတီတွေက ပြည်သူလူထုကို တစ်ဆင့်တာဝန်ခံပေးရတဲ့အဖွဲ့ အစည်းတွေဖြစ်တဲ့အတွက် နိုင်ငံငြိမ်းချမ်းမှုဖြစ်မယ်။ ဒါကြောင့် ဒီနေ့အခမ်းအနားကို တက်ရောက်လာခြင်းက ငြိမ်းချမ်းရေးကို အထူးလိုလားတဲ့အတွက် တက်ရောက်လာခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲကနေ ပိုမိုကောင်းမွန်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲရလဒ်တွေ အများကြီးထွက်ရှိလာမယ်လို့ ယုံကြည်မိတဲ့အတွက်ကြောင့် ဒီနေ့အခမ်းအနားကို တက်ရောက်လာခြင်းဖြစ်ပါတယ်။ အခုဆွေးနွေးပွဲမှာ ငြိမ်းချမ်းရေးကို ဘယ်လိုရှုထောင့်ကနေ ကူညီထောက်ပံ့အကြံပြုရမလဲဆိုတာကို အဓိကထားပြီး တက်ရောက်လာခြင်းဖြစ်ပါတယ်။ **သတင်းအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့နှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၆**

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေး (Non-aligned Movement- NAM) တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နှစ်နိုင်ငံချစ်ကြည်ရေး တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁၅ ရက်တွင် မိုဇမ်ဘစ်နိုင်ငံခြားရေးဝန်ကြီး H.E. Maria Manuela Lucas၊ အီရန်နိုင်ငံခြားရေးဝန်ကြီး H.E. Abbas Araghchi ၊ ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး H.E. Maxim RYZHENKOV (ယာပုံ)၊ ကျူးဘားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Bruno Rodriguez Parrilla၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် H.E.Md. Touhid Hossain နှင့် အီတလီနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး H.E. Mrs. Monica Robelo Raffone တို့နှင့် လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် ယူဂန်ဒါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Gen. Odongo Jeje Abubakhar နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုများတွင် ရှိရင်းစွဲ သံတမန်ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေရေး၊ နှစ်နိုင်ငံအဆင့် နိုင်ငံရေးရာ ဆွေးနွေးမှုများ ပြုလုပ်သွားရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ပြီး ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများတွင် ပိုမိုထိတွေ့ညှိနှိုင်းဆောင်ရွက်ရေးစသည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် မြန်မာ-ယူဂန်ဒါနှင့် မြန်မာ-မိုဇမ်ဘစ်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး စတင်ထူထောင်နိုင်ရေး အလားအလာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံရာစဉ် ၂၀၁၆-၂၀၁၇ ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံဘက်က ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ



ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မြန်မာဘက်က ဆောင်ရွက်နေမှုများကို အလေးပေးပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အာဖရိကရှိ နိုင်ငံ ၂၁ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂၆ နိုင်ငံတို့နှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။




ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွင်း ၁၉၉၃ ခုနှစ်မှ စတင်လက်မှတ်ရေးထိုးခဲ့သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာသည် ဒေသတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများကို တိုက်ဖျက်ရာတွင် မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွက် အလွန်အရေးပါသော ယန္တရားတစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း မဲခေါင်မြစ်ဝှမ်း ဒေသအတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် မူးယစ်ဆေးစွဲ ကုသမှုပေးရေး၊ ကြိုတင် ကာကွယ်အသိပညာပေးရေး၊ တားဆီးနှိမ်နင်းရေး၊ ဘိန်းစိုက်ပျိုးမှု လျှော့နည်းပပျောက်ရေးအတွက် အစားထိုးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ပူးတွဲစစ်ဆင်ရေးများကို အရှိန်အဟုန်မပျက် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော် လျက်ရှိနေပါကြောင်း၊ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများသည် မဲခေါင်ဒေသတွင်း နိုင်ငံများအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ရပ် ဖြစ်လာပါကြောင်း၊ Happy Water ကဲ့သို့ လူလုပ်မူးယစ်ဆေးဝါး အသစ်များသည်လည်း နေ့စဉ်နှင့်အမျှ ပေါ်ထွက်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အထူးစစ်ဆင်ရေးပေါင်း အကြိမ် ၄၀ ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ တပ်မတော်၊ အကောက်ခွန်တို့နှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးသတင်းရယူဖော်ထုတ်ဖမ်းဆီးရေး စီမံချက်အား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လုပ်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး မတည်ငြိမ်မှုအပေါ် အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအတွင်းရှိ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် ထုတ်လုပ်သည့်ပုံစံများတွင် နည်းလမ်းအမျိုးမျိုးနှင့် ပုံစံအသစ်များအသုံးပြုလာမှုကြောင့် စုံစမ်းဖော်ထုတ်နိုင်ရန် အခက်အခဲများလည်း ရှိနေပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ဒေသပြင်ပမှ ဓာတုဗေဒပညာရှင်များသည် ဥပဒေအရထိန်းချုပ်ထားသော ဓာတုပစ္စည်းများအစား ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများကို အစားထိုးအသုံးပြုလာကြပြီး မူးယစ်ဆေးဝါးချက်သည့် နေရာများသို့ ဝင်ရောက်နေသည့်အတွက် အဆိုပါဓာတုပညာရှင်များကို ထိန်းချုပ်တားဆီးနိုင်ရေး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးပို့စေလိုပါကြောင်းနှင့် တရားခံများ ဖမ်းဆီးရမိရေးကိုလည်း ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဘေးကင်းလုံခြုံသော မဲခေါင်ပူးတွဲစစ်ဆင်ရေးကို ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဒေသတွင်းနိုင်ငံများနှင့် အထူးစစ်ဆင်ရေးများတွင် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်သန့်လွင်မောင် ဦးဆောင်သော ကိုယ်စားလှယ် ၁၅ ဦး၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် UNODC တို့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ် ၄၃ ဦး တက်ရောက်၍ ဒေသခွဲလုပ်ငန်းစီမံချက် ၁၂ ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ MoU ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအပေါ် ဆွေးနွေးခြင်း၊ (၆၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ ကော်မရှင်အစည်းအဝေး၏ ရလဒ်တို့အား ဆွေးနွေးခြင်း၊ မဲခေါင် MoU လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်း တိုးတက်မှုအခြေအနေ၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍တင်ပြခြင်း၊ ဒေသခွဲလုပ်ငန်းစီမံချက် ၁၃ ကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် နိုင်ငံအလိုက် ကြိုးပမ်းဆောင်ရွက်ရန် အကြံပြုခြင်းနှင့် ကတိကဝတ်ပြုခြင်းတို့အား ဆွေးနွေးခဲ့ကြောင်းနှင့် မဲခေါင် MoU အစည်းအဝေးကို အောက်တိုဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေး ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် အောက်တိုဘာ ၁၆**

လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည့် ကျောက်ဆည်မြို့နယ် ကျောက်ဆည်-တံတားဦးလမ်းမှ အနောက်ရွာတော်ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ အနောက်ရွာတော်ကျေးရွာအဝင်လမ်းအားသမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၈၄ ဒသမ ၁၆ သန်းဖြင့် အရှည် (၀/၃) မိုင်အား ကျောက်ချော ခင်းခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) က လမ်းအရည်အသွေးပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကာ လမ်းလုပ်ငန်းများပြီးစီးပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# (၁၃) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဂုဏ်ပြုညစာစားပွဲနှင့် ဒုတိယနေ့ အစည်းအဝေးများကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၁၆**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပလျက်ရှိသော (၁၃) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံကတည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် အခြားသော အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်၌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Samdech Moha Borvor Thipadei Hun Manet နှင့် တွေ့ဆုံပြီး (၁၃) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနေ့ အထိမ်းအမှတ်အခမ်းအနားများသို့တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Sofitel ဟိုတယ်တွင် ပြုလုပ်သည့် (၅)ကြိမ်မြောက် အာဆီယံ-တရုတ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ ဆက်လက်တက်ရောက်သည်။ အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အကောင်အထည်ဖော်နိုင်မှု အခြေအနေများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) ရေးဆွဲ၍ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ဒေသတွင်း ရလဒ်ကောင်းများ ရရှိခဲ့ပါကြောင်း၊ မန္တလေးငလျင်ကြီးကြုံတွေ့ခံစားရချိန်တွင် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ ချက်ချင်းစေလွှတ်ပေးခဲ့မှု၊ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကူညီပေးခဲ့မှုများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံရင်ဆိုင်နိုင်သည့် အာဆီယံဒေသဖြစ်စေရေး အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် (၅) ကြိမ်မြောက် အာဆီယံ-ဂျပန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးစနစ် (Disaster Emergency Logistic System for ASEAN- DELSA) ထူထောင်ခြင်းအပါအဝင် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မန္တလေးငလျင်ကြီးတုံ့ပြန်ဆောင်ရွက်ရေးတွင် ဂျပန်နိုင်ငံက ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ကယ်ဆယ်ရေးပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၄)ကြိမ်မြောက် အာဆီယံ-ကိုရီးယား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး၏ ၂၀၂၅ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၆ ခုနှစ်တွင် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မည့် အင်ဒိုနီးရှားနိုင်ငံသို့ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်သည်။

အစည်းအဝေးများသို့ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများ စာပို့တံဆိပ်ခေါင်း ၂၀၀ ကျပ်တန်(၈)လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်




**နေပြည်တော် အောက်တိုဘာ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ တိုင်းရင်းသားလူမျိုးများအလိုက် ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန်ရည်ရွယ်၍ **တိုင်းရင်းသားလူမျိုးများ စာပို့တံဆိပ်ခေါင်း ၂၀၀ ကျပ်တန် (၈) လုံးပါ Block of Stamp အထူးထုတ်** စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား **၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍** နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **အောက်တိုဘာ ၂၀ ရက် (တနင်္လာနေ့)**တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန်  အောက်တိုဘာ  ၁၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲ၊ လူငယ်စကားဝိုင်းနှင့် ပြိုင်ပွဲများကို ယမန်နေ့နံနက်က လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ အ.ထ.က(၁၂) ရောဝတီဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်တို့က အမှာစကားများ ပြောကြားကြပြီး စာပေဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး"၊ မြို့နယ်စာပေအသင်း (Book Club) ဥက္ကဋ္ဌ ဦးစိုးမိုးသိန်း (လှိုင်သာယာ) က "အနာဂတ်ကမ္ဘာနှင့် လူငယ်များ၏ အခန်းကဏ္ဍ" အကြောင်းတို့ကို ဆွေးနွေးဟောပြောသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုံးဌေးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ဥာဏ်လင်း**

❖ *ကျောဖုံးမှ*

ဖော်ဆောင်ကာနောက်ဆုံးဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ပြိုင်ဘက် ကိုလံဘီယာအသင်းသည် တုံ့ပြန်ကစားပုံ ကောင်းမွန်မှုရှိခဲ့သော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်းနှင့် တိုက်စစ်အဆုံးသတ်ပိုင်း လိုအပ်ချက်များစွာရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ကိုလံဘီယာ အသင်းသည် ပွဲကစားချိန် ၇၉ မိနစ်တွင် အသင်းကစားသမား ဂျွန်ရန်တာရီယာ နှစ်ဝါတစ်နီဖြင့် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ထို့နောက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေးကြိုးပမ်းလာသော်လည်း ပွဲကစားချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် အာဂျင်တီးနားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ကိုလံဘီယာ အသင်းကို ကျော်ဖြတ်နိုင်ခဲ့သော အာဂျင်တီးနားအသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲတွင် ခြေစွမ်းကျစ်လျစ်မာကျောသည့် မော်ရိုကိုအသင်းနှင့် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မော်ရိုကိုအသင်းသည် ဆီမီးဖိုင်နယ်တွင် နာမည်ကြီးပြင်သစ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး-လေးဂိုးဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာသည့် အသင်းဖြစ်သည်။

**အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ငါ့စိတ်ကို မြင်ချင်ရင် ...

ဓမ္မဒူတအရှင်ဆေကိန္ဒ

❂ **သူတို့ရဲ့ ဒီတောအုပ်ကြီးမှာ စတင်ရောက်ရှိပြီး စုပေါင်းနေထိုင်ကြတဲ့ အနှစ်သုံးသိန်းသုံးသောင်းသုံးထောင်သုံးရာသုံးဆယ့်သုံးနှစ်မြောက် အထိမ်းအမှတ်အောင်ပွဲကို ကျင်းပနေကြတာတဲ့။ ကြုံတုန်းကြုံခိုက် လေ့လာချင်တော့ သူတို့ရဲ့ ကစားကွင်းဆီ သွားလိုက်တာပေါ့။ အံ့စရာကောင်းလိုက်တာ။ တိရစ္ဆာန်အမျိုးအစားတွေကလည်း စုံလို့။ အားကစားနည်းအမျိုးအစားတွေကလည်း စုံလို့။ ကုန်းနေသတ္တဝါတွေအတွက် မြေပြင်ဆိုင်ရာပြိုင်ပွဲ၊ ရေနေသတ္တဝါတွေအတွက် ရေပြင်ဆိုင်ရာပြိုင်ပွဲ၊ ငှက်တွေအတွက် ကောင်းကင်ဆိုင်ရာ ပြိုင်ပွဲဆိုပြီး ပြိုင်ပွဲတွေက အမျိုးစုံနေလေတော့ ပရိသတ်ပေါင်းစုံရဲ့ အားပေးကြ၊ အော်ကြ၊ ဟစ်ကြ အသံတွေကလည်း ပွက်လောကိုရိုက်နေကြတာ၊ ဟိုးမိုးထက်ယံဆီကတောင် ကြားနေရတယ်**

ရှေးရှေးတုန်းက သတ္တဝါတွေ အမျိုးစုံနေထိုင်ကြတဲ့ တောအုပ်ကြီးရှိသတဲ့။

တောအုပ်ကြီးက ပင်လယ်ကြီးဘေးမှာ ရှိတာပေါ့။ ပင်လယ်ကြီးကလည်း လှပတဲ့ကမ်းခြေတွေရှိသလို မြင့်မားနက်ရှိုင်းတဲ့ ကမ်းပါးကြီးတွေလည်း ရှိကြတာပေါ့။ တောအုပ်ကြီးထဲမှာလည်း သစ်ကြီးဝါးကြီး၊ အပင်ကြီးတွေ ထူထပ်များပြားသလို ပန်းပင်ငယ်မျိုးစုံတွေလည်း ရှိကြတာပါပဲ။ ပန်းဥယျာဉ်တွေလည်း ရှိကြသလို မြက်ခင်းပြင်စိမ်းစိမ်းတွေလည်းရှိကြတာပေါ့။ တောရိုင်းတိရစ္ဆာန်တွေလည်း အမျိုးစုံအများကြီးနေထိုင်ကြတဲ့ တောအုပ်ကြီးပါ။

လူတွေက ပြောကြလို့သာ တောရိုင်းတိရစ္ဆာန်လို့ ပြောရတာပါ။ သူတို့လည်း သူတို့အမျိုးနဲ့ သူတို့၊ သူတို့အုပ်စုနဲ့သူတို့ နေထိုင်ကြပေမယ့် အမျိုးမတူ၊ အုပ်စုမတူတာတွေနဲ့ အတူလက်တွဲနေထိုင်ကြတာ ဘာပြဿနာမှဖြစ်တယ်လို့ မကြားမိပါဘူး။ ဆိုးဆိုးသွမ်းသွမ်း လုပ်တာကိုင်တာ၊ ပြောတာ ဆိုတာမျိုးတွေကိုလည်း လေ့လာကြည့်သလောက်တော့ မတွေ့မမြင်မိပါဘူး။

အခုလည်း ကြည့်လေ။ သူတို့ရဲ့ ဒီတောအုပ်ကြီးမှာ စတင်ရောက်ရှိပြီး စုပေါင်းနေထိုင်ကြတဲ့ အနှစ်သုံးသိန်းသုံးသောင်းသုံးထောင်သုံးရာသုံးဆယ့်သုံးနှစ်မြောက် အထိမ်းအမှတ်အောင်ပွဲကို ကျင်းပနေကြတာတဲ့။ ကြုံတုန်းကြုံခိုက် လေ့လာချင်တော့ သူတို့ရဲ့ ကစားကွင်းဆီ သွားလိုက်တာပေါ့။ အံ့စရာကောင်းလိုက်တာ။ တိရစ္ဆာန်အမျိုးအစားတွေကလည်းစုံလို့။ အားကစားနည်းအမျိုးအစားတွေကလည်း စုံလို့။ ကုန်းနေသတ္တဝါတွေအတွက် မြေပြင်ဆိုင်ရာပြိုင်ပွဲ၊ ရေနေသတ္တဝါတွေအတွက် ရေပြင်ဆိုင်ရာပြိုင်ပွဲ၊ ငှက်တွေအတွက် ကောင်းကင်ဆိုင်ရာပြိုင်ပွဲဆိုပြီး ပြိုင်ပွဲတွေက အမျိုးစုံနေလေတော့ ပရိသတ်ပေါင်းစုံရဲ့ အားပေးကြ၊ အော်ကြ၊ ဟစ်ကြ အသံတွေကလည်း ပွက်လောကိုရိုက်နေကြတာ၊ ဟိုး မိုးထက်ယံဆီကတောင် ကြားနေရတယ်။ လေ့လာတယ်ဆိုမှတော့ နေရာအနှံ့လိုက်ကြည့်ပြီး လေ့လာရတာပေါ့။ မြင်တွေ့သမျှသာ ပြောပြရရင် တစ်လနှစ်လနဲ့တောင် ပြီးမယ်မထင်ဘူး။

ဟော အခုရောက်နေတဲ့ ဒီနေရာကိုတော့ စိတ်ဝင်စားသွားပြီ။ အပြေးပြိုင်တဲ့ ကွင်း။ ပြိုင်ကွင်းက အဆင့်မြင့်လိုက်တာ။ ပွဲကြည့်စင်က အဆင့်ဆင့် သုံးထပ်၊ ပတ်လမ်းတွေနဲ့။ ဒိုင်လူကြီးက ဦးဇီးကွက်၊ အကူဒိုင်လူကြီးတွေက ဦးသမင်နဲ့ ဒေါ်ဒေါ်မြင်း။ သဘောကျလိုက်တာ၊ ဦးဇီးကွက်က သမာသမတ်ကျရာမှာ နာမည်ကြီးပုဂ္ဂိုလ်။ ဦးသမင်နဲ့ ဒေါ်ဒေါ်မြင်းကတော့ အပြေးပြိုင်ပွဲတွေကို ကြီးကြပ်ရာမှာ အကျွမ်းကျင်ဆုံးပေါ့။

အချိန်ကလိုနေသေးတော့ ပွဲကြည့်စင်မှာ ဝင်ထိုင်ပြီး စောင့်နေလိုက်တယ်။ ခဏနေတော့ အပြေးပြိုင်မှာက နှစ်ဦးတည်းတဲ့။ အခမ်းအနားမှူး ဦးဆင်ရဲ့ အသံကျယ်ကျယ်နဲ့ ကြေညာလိုက်ခါမှ ထပြန်ချင်စိတ် ပေါက်တော့တာပဲ။ ပြိုင်မယ့်သူတွေကိုလည်း ကြည့်ပါဦး။ ချန်ပီယံ မောင်ယုန်နဲ့ လူသစ်တန်းက မောင်လိပ်တဲ့။ ဒါကြောင့် ထပြန်ချင်တာ။ သူတို့နှစ်ယောက်က ပြိုင်ဘက်တွေဟုတ်ကြလို့လား၊ အတန်းတူလို့လား။ နောက်ပြီးတော့ မောင်ယုန်နဲ့ မောင်လိပ်တို့ အပြေးပြိုင်ပွဲက ဟိုးရှေးရှေးငယ်ငယ်ကတည်းက ကြားဖူးပြီးသား၊ မောင်လိပ်က နိုင်တာလေ။ အခုလည်း မောင်လိပ်ကပဲနိုင်မှာပဲ။ သိပြီးသားကြီးပဲလေ။

အခုလို ပြောမိမှ စဉ်းစားစရာတွေက ပေါ်လာတယ်။

ထုံးစံက မောင်ယုန်နဲ့ မောင်လိပ်တို့ အပြေးပြိုင်ရင် မောင်ယုန်က သွက်တယ်၊ မြန်တယ်၊ ရင့်ကျက်တဲ့အပြေးသမား။ မောင်လိပ်က လှုပ်စိလှုပ်စိ၊ မပွင့်တပွင့်သမား၊ ခြေတစ်လှမ်းကုဋေတစ်သန်းတန်အောင် ဖြည်းဖြည်းသွားနေကျပေါ့။ ဒီတော့ အပြေးပြိုင်ရင် မောင်ယုန်ပဲနိုင်မှာပေါ့။ ဒါပေမယ့် ပုံပြင်ထဲမှာက မောင်ယုန်ကရှုံးတယ်၊ မောင်လိပ်က နိုင်တယ်။ စဉ်းစားစရာတွေ၊ တွေးခေါ်စရာတွေ၊ သင်ယူစရာတွေ၊ မှတ်သားစရာတွေ အများကြီးရခဲ့တယ်။ အဲဒီပုံပြင်ကို အိပ်ရာဝင်နားထောင်ပြီးတော့ အသိတရားတွေရပြီး ကြိုးစားမှုနဲ့ အောင်မြင်သွားတဲ့သူတွေက လောကမှာ ဒုနဲ့ဒေးပါပဲ။ ဒီတော့ အခု မောင်ယုန်နဲ့ မောင်လိပ် အပြေးပြိုင်ပွဲက ဘယ်လိုအသိတရားမျိုးတွေများရဦးမလဲလို့ စောင့်ကြည့်ချင်စိတ်တွေ ပေါ်လာပြန်တယ်။

အတွေးတွေက လွန်သွားတယ်။ ဘယ်လောက်ကြာသွားသလဲဆိုတော့ သတိရလိုက်တဲ့အခါမှာ အကူဒိုင် ဒေါ်ဒေါ်မြင်းရဲ့ တစ် နှစ် သုံး ဆိုတဲ့ အချက်ပေးသံနဲ့အတူ "ပြေး" ဆိုတဲ့ တာလွှတ်သံကိုပါ တစ်ဆက်တည်း ကြားလိုက်ရတယ်။ တာလွှတ်တာနဲ့တစ်ပြိုင်နက် မောင်ယုန်ကတော့ ခုန်စွခုန်စွနဲ့ ချက်ချင်းပန်းတိုင်ဘက်ကိုဦးတည်ပြီး ပြေးလိုက်တာ လှစ်ခနဲ လှစ်ခနဲပဲ။ မောင်လိပ်ကတော့ ထုံးစံအတိုင်းပေါ့။ လှုပ်လှုပ်လှုပ်လှုပ်နဲ့ တရွေ့ရွေ့သွားနေတာပေါ့။ ပြေးတာလား၊ သွားတာလားဆိုတာတောင် မသဲကွဲပါဘူး။ အကူဒိုင် ဦးသမင်က အပြေးသမားတွေကို ဘေးကနေ ပြေးရင်း ပြေးရင်း အခြေအနေကြည့်နေတယ်။ ဒိုင်လူကြီး ဦးဇီးကွက်ကတော့ ပန်းတိုင်ထိပ် ကောင်းကင်ယံမှာပျံတက်ပြီး ပန်းဝင်လာမယ့်အပြေးသမားကို စောင့်ကြည့်နေတယ်။ အပြေးပြိုင်ပွဲက တစ်ဖက်သတ်ဆိုတာ ကြိုပြီးသိပါတယ်။ မောင်ယုန်ကမြန်တော့ မောင်ယုန်ပဲနိုင်မှာပေါ့။

ဟောလုပ်ပြန်ပြီ။ မောင်ယုန်က ပြေးရင်း ပြေးရင်းနဲ့ လမ်းတစ်ဝက်မှာ မောင်လိပ်ကို စောင့်သလိုလို ဘာလိုလိုနဲ့ရပ်နေတယ်။ မောင်ယုန်က မောင်လိပ်ကိုအထင်သေးနေတာလား၊ မောင်လိပ်ကလေး အနားရောက်မှ တစ်ခါထပ်ပြေးလုပ်ပြီး လှောင်ချင်ပြောင်ချင်နေတာလား မသိဘူး၊ ဘာတွေများ စိတ်ကူးပြီး ရပ်နေပါလိမ့်။

ပွဲကြည့်နေတာ စောင့်နေရလွန်းလို့ အိပ်ချင်စိတ်ပေါက်လာတယ်။ တစ်မှေးလောက်တော့ အိပ်လို့ရပါတယ်ဆိုပြီး ပွဲကြည့်လျက်နဲ့ အိပ်လိုက်တာ နိုးလာလို့ ကြည့်လိုက်တော့ မောင်ယုန်ကလည်း လမ်းတစ်ဝက်မှာ အိပ်နေတုန်းပဲ။ စိတ်အေးလက်အေး အပြေးဝင်ပြိုင်ရဲတဲ့ မောင်လိပ်ကို ဘယ်နားရောက်နေပြီလဲလို့ လိုက်ရှာကြည့်တော့ ဟော ပန်းတိုင်နဲ့ တစ်လံလောက်ပဲလိုပါတော့ပါကလား။ အံ့ရော အံ့ရော၊ ဟော ကြည့်နေရင်းပဲ မောင်လိပ်က ပန်းဝင်သွားပြီ။ ပရိသတ်တွေရဲ့ အားပေးလိုက်ကြတဲ့ လက်ခုပ်သံတွေက နားကွဲထွက်မတတ်ပါပဲ။

ဒီလောက် ပွက်လောရိုက် အားပေးဆူညံတဲ့ အသံတွေကြောင့် မောင်ယုန်ကနိုးသွားပြီ။ နိုးတာနဲ့တစ်ပြိုင်နက် ပန်းတိုင်ဆီကို တန်းပြေးသွားတယ်။ မြန်မှ မြန်ပဲ၊ လှစ်ခနဲ လှစ်ခနဲပဲ။ အရည်အချင်းတွေကို အစွမ်းကုန် ထုတ်ပြပေမယ့် နောက်ကျသွားပြီ။ ပုံပြင်ထဲက ယုန်လိုဖြစ်သွားပြီ။ နောင်မှတရတဲ့ နောင်တတွေရသွားပြီ။ ပုံပြင်ကနားထောင်ပြီးရခဲ့တဲ့ အသိဉာဏ် ဗဟုသုတတွေကို ပွဲကြည့်စင်ပေါ်ကနေ ပြေးဆင်းသွားပြီး မောင်ယုန်လေးကို ပြောပြချင်လိုက်တာ။

ပရိသတ်တွေအားလုံးက ငြိမ်နေကြတယ်။ ဘာများပါလိမ့်။ ကိုယ်လည်း ငြိမ်နေရတာပေါ့။ ဒါပေမယ့် မနေနိုင်လို့ အနားက မဝက်မကို တိုးတိုးလေး မေးကြည့်လိုက်တော့ သူတို့ရဲ့ ထုံးစံက ရှုံးတဲ့သူအတွက် နောက်ထပ်ပြိုင်ပွဲ ထပ်ပြိုင်ဖို့ဆန္ဒရှိရင် နှစ်ကြိမ်အထိ ခွင့်ပြုပေးတဲ့ ထုံးစံဥပဒေရှိသတဲ့။

## အားနည်းတဲ့သူတွေကို သနားတတ်တာလည်း လူ့သဘာဝ

ဟော နောက်တစ်ခေါက် ထပ်ပြီးပြိုင်ကြဦးမယ်တဲ့။ နေရာယူကုန်ကြပြီ။ အပြေးသမားတွေကလည်း ပန်းစတဲ့နေရာက စည်းတားထားတဲ့နေရာမှာ။ ဒိုင်လူကြီးတွေကလည်း သူ့နေရာနဲ့သူ နေရာယူပြီးကြပြီ။ ထုံးစံအတိုင်းပေါ့။ အချက်ပေးပြီး ပြေးဆိုတဲ့ အသံက ပေါ်ထွက်လာမှတော့ နှစ်ဦးစလုံးက တာထွက်ကြပြီပေါ့။ ဒီတစ်ခါတော့ မောင်ယုန်က လမ်းတစ်ဝက်မှာ နားတာမျိုးကို မလုပ်တော့ဘဲ ပန်းတိုင်ကို ဆက်ပြေးသွားပြီ။ ကောင်းတာပေါ့၊ သူ့မှာ ပြေးတာနဲ့ပတ်သက်ပြီး အရည်အချင်းက ရင့်ကျက်တယ်၊ အတွေ့အကြုံကလည်း ပြည့်စုံပြီးသား၊ ပထမအခေါက်က ရှုံးတာက ပေါ့ဆတာတစ်ခုကြောင့် ရှုံးသွားတာဖြစ်မယ်။ ဒါတင်မက တစ်ဖက်သားကို အထင်သေးတတ်တာမျိုးလည်းပါတယ်နဲ့တူတယ်။ ရှုံးတဲ့သူကို နိုင်စေချင်တာမျိုးကလည်း လူ့သဘာဝအစစ်ပဲလေ။ အားနည်းတဲ့သူတွေကို သနားတတ်တာလည်း လူ့သဘာဝပါပဲလေ။

အပြေးပြိုင်ပွဲမှာ အားနည်းတဲ့မောင်လိပ်ကိုသနားပြီး ပေးနိုင်ချင်စိတ်တော့ ဖြစ်မိတာပေါ့။ ဒါကြောင့်လည်း မောင်လိပ်ကို ကြည့်လိုက်တော့ တလိမ့်လိမ့်နဲ့ဆိုသလို တဖြည်းဖြည်းနဲ့ ဆက်ပြေးနေတာကို တွေ့ရတော့ ဝမ်းသာကြည်နူးမိတာပေါ့။ မောင်ယုန်ကို ကြည့်လိုက်တော့ ပန်းတိုင်အနားတောင်နီးနေပြီ၊ မောင်ယုန်အတွက်တော့ သုံး၊ လေးခုန်စာလောက်ပဲ လိုတော့တာပေါ့။ ဟော နှစ်ခုန်စာ၊ ဟော တစ်ခုန်စာပဲ လိုတော့တယ်။

အခုတော့ မောင်လိပ်ဆီကို စိတ်ပြန်ရောက်သွားတယ်၊ မျက်စိလည်း ရောက်သွားတယ်။ မောင်လိပ်ကတော့ သူ့ထုံးစံအတိုင်း တဖြည်းဖြည်းပဲပေါ့။ ပွဲပြီးသွားပြီနဲ့ တူပါတယ်။ မောင်ယုန်က ပန်းတိုင်ကို တစ်ခုန်စာလောက်ပဲ ကျန်တော့တာပဲကိုး၊ အခုလောက်ဆိုရင် ပန်းဝင်သွားပြီပေါ့။

ဒါပေမယ့် ပန်းဝင်လို့ အားပေးတဲ့ပရိသတ်တွေရဲ့ အသံကိုတော့ မကြားမိသေးပါဘူး။ ပန်းတိုင်ကို လှမ်းကြည့်လိုက်တော့ မောင်မင်းကြီးသားက စိတ်ချလက်ချနဲ့ အိပ်ပျော်နေတာကိုး။ မောင်လိပ်ကတော့ "တစ်နေ့တစ်လံ ပုဂံဘယ်မရွှေ့"ဆိုသလိုပဲ တစ်လှမ်းချင်း တစ်လှမ်းချင်းနဲ့ ပြေးလာနေတာပဲပေါ့။ ဟော မောင်လိပ်က ကိုရွှေယုန် အိပ်ပျော်နေတဲ့နေရာကို ရောက်နေပြီ၊ မောင်ယုန်က မနိုးသေးဘူး။ အူယားလိုက်တာ၊ အိပ်ရာကနေ နိုးထပြီး ပန်းဝင်လိုက်ပါတော့လား၊ ပြေးသွားပြီး အော်နှိုးလိုက်ချင်တာ၊ ဘယ်လိုများလုပ်ရပါ့မလဲ။ ဟော ဟော ဒါနဲ့ပဲ မောင်မောင်လိပ်က ပန်းတိုင်ကိုဝင်သွားပြီ။

ဒီတစ်ခေါက်လည်း မောင်ယုန်ပဲ ရှုံးရပြန်ပြီ။ ကိုယ်တိုင်က ပျင်းနေတာလား၊ အနားရောက်လာမယ့် မောင်လိပ်ကို ပန်းဝင်ခါနီး စချင်နောက်ချင် လှောင်ပြောင်ချင်တာလား၊ ဒီအကျင့်မျိုးကို မဖျောက်နိုင်သေးလို့ အပြေးပြိုင်ပွဲမှာ ရှုံးသွားတာလား။ ကိုယ်ကတော့ နိုင်နိုင်ပါလျက် ရှုံးရတာကို ဘေးကနေ အားမလိုအားမရ ဖြစ်နေလိုက်ရတာ၊ သူကတော့ အေးဆေးပဲ။ ဟောကြည့်ပါဦး။ နောက်တစ်ခေါက် ထပ်ပြိုင်ဦးမလို့တဲ့၊ သူ့ရတဲ့ အခွင့်အရေးကိုတော့ ရအောင်ယူတတ်သားပဲ။

ဒီတစ်ခေါက်ပြိုင်ပွဲကိုတော့ ကြည့်လက်စနဲ့မို့သာ ကြည့်နေရတာ၊ အားပေးချင်စိတ်လည်း မရှိဘူး၊ ကြည့်ချင်စိတ်လည်း မရှိတော့ဘူး။ ဒိုင်လူကြီးတွေက သူ့နေရာနဲ့သူ နေရာယူပြီးနေကြပြီ။ ပြိုင်ပွဲက စတော့မှာ၊ ကိုရွှေယုန်ကတော့ မျက်နှာလည်းမပျက်ဘူး၊ ရှက်လည်း မရှက်ဘူး၊ ဒါပေမယ့် ပရိသတ်တွေက ထပ်ရှုံးမှာပဲ၊ မရှက်ဘူးလား၊ ပြိုင်မနေနဲ့၊ ထွက်သွားဆိုပြီး အော်နေကြတာ၊ ပွက်လောကို ညံနေတာပဲ။ ဒါပေမယ့် သူကတော့ မရှက်ပေါင်၊ ခပ်တည်တည်နဲ့ ပရိသတ်ကို မျက်နှာပြောင်တိုက်နေသလိုပဲ။

သူတို့ စပြေးကုန်ပြီ၊ ထုံးစံအတိုင်းပေါ့၊ ကိုရွှေယုန်ကတော့ တာစတာနဲ့တစ်ပြိုင်နက် လှစ်ခနဲဆို ပြေးသွားပြီးပေါ့။ ကိုရွှေလိပ်ကတော့ ထုံးစံအတိုင်း ပုံမှန်ပါပဲ။ စိတ်မဝင်စားလို့ မကြည့်ချင်ပေမယ့် မြင်နေရတယ်လေ၊ မောင်ယုန်နဲ့ မောင်လိပ်က ရှေ့နောက်အဝေးကြီးကွာနေပြီ။

ဟော ကိုရွှေယုန်က ပန်းတိုင်နားနီးသွားပြီ၊ ဟော ပန်းတိုင်ကို ခုန်ဝင်လိုက်ပြီ၊ ပန်းတိုင်ကိုရောက်သွားပြီ၊ ပန်းဝင်သွားပြီ။ ပြိုင်ပွဲတစ်ကွင်းလုံး အားပေးသံလက်ခုပ်သံတွေနဲ့ သောသောကို ညံနေတာပဲ။ စိတ်မပါဘဲ ကြည့်နေရင်းနဲ့ ဘယ်လိုအော်ပြီး ဘယ်လိုလက်ခုပ်တီးနေမိမှန်းတောင် မသိတော့ဘူး၊ ဘယ်လက်ဖဝါးနဲ့ ညာလက်ဖဝါးတွေ နာလာတော့မှ ရပ်လိုက်ရတယ်။ ဒါတောင် ဆက်ပြီးတီးချင်နေတုန်းပဲ။

ဒီလောက်အထိ ဖြစ်သွားတာက မောင်လိပ်ကို မချစ်၊ မောင်ယုန်ကို ပိုချစ်လို့လား၊ မဟုတ်ပါဘူး။ ဒါဖြင့်ရင် ထပ်ကာထပ်ကာ ရှုံးနေတဲ့

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

သူကို နိုင်စေချင်လို့လား၊ ဒါတော့လည်း ဖြစ်နိုင်တယ်၊ ဒါပေမယ့် အရည်အချင်းစွမ်းရည်သတ္တိတွေ အပြည့်ရှိပါလျက် အသုံးမပြုသူတွေကို အားမလို အားမရဖြစ်နေရာကနေ အပြည့်အဝအသုံးချတာကိုတွေ့လိုက်ရတော့ ကျေနပ်မိတာဖြစ်မယ်။

ဟော၊ အခမ်းအနားမှူးက ကြေညာနေပြီ။ ရှုံးနိမ့်သူ မောင်မောင်လိပ်က နောက်တစ်ပွဲထပ်ပြိုင်ဖို့ တောင်းဆိုနေပြီတဲ့။ ဒီအတိုင်းသာဆိုရင် မောင်လိပ်ရှုံးပြီး မောင်ယုန်ပဲ နိုင်ဦးမှာပါပဲ။ ဒီပြိုင်ပွဲကို ထပ်ကြည့်နေလည်း မထူးပါဘူး၊ အဖြေက မစခင်ကတည်းက သိပြီးသားကြီးဖြစ်နေပြီ။

ပရိသတ်တွေက လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေကြပြီ၊ ရုတ်ရုတ်သဲသဲတော့ မဟုတ်ဘူး။ ဘာကြောင့် ဘာတွေများ ဖြစ်နေကြပါလိမ့်။ ကြေညာသံကြားလိုက်ရပြီ။ အရှုံးသမား မောင်လိပ်က နောက်ထပ်အပြေးတစ်ပွဲ ပြိုင်ပါမယ်။ ဒါပေမယ့် "အပြေးပြိုင်ကွင်း ပြောင်းပေးပါ" တဲ့၊ "ဒါကြောင့် အပြေးပြိုင်ကွင်း အသစ်ဆီကို ပရိသတ်ကြီးက လိုက်ပါအားပေးကြဖို့ မေတ္တာရပ်ခံပါတယ်"တဲ့။

စိတ်ဝင်စားသွားပြီ၊ ပြိုင်ကွင်းအသစ်ကိုလည်း စိတ်ဝင်စားတယ်၊ "ပြိုင်ကွင်းအသစ် ပြောင်းမယ်" ဆိုတဲ့ မောင်မောင်လိပ်ရဲ့ စိတ်ကူးကိုလည်း စိတ်ဝင်စားတယ်။ ဟုတ်တယ်လေ၊ ကိုယ်ရှုံးခဲ့ဖူးတဲ့နေရာ၊ ကိုယ်ရှုံးနိုင်တဲ့ နေရာမျိုးကို ရှောင်သင့်တာပေါ့၊ ကိုယ့်အတွက် အနိုင်ရမယ့် နေရာမျိုးကို ပြောင်းရွှေ့သင့်တာပေါ့၊ အသိဉာဏ်ရှိသူတွေက "ဒီနေရာနဲ့ သင့်တော်တယ်၊ မသင့်တော်ဘူး" ဆိုတာမျိုးလောက်တော့ သိကြတာပေါ့။

ဘယ်နေရာမှာများ အားကစားကွင်းအသစ် ရှိသေးပါလိမ့်။ ပရိသတ်တွေအားလုံးကလည်း နေရာသစ်ကို စိတ်ဝင်စားနေကြတယ်။ အခမ်းအနားမှူးက အစီအစဉ်အသစ်ကို အတိအကျကြေညာလိုက်တော့မှ ပရိသတ်တွေက အဖွဲ့လိုက်၊ အဖွဲ့လိုက် ကိုယ့်အုပ်စုနဲ့ကိုယ် ပင်လယ်ဘက်ဆီကို ဦးတည်ပြီးသွားနေကြတယ်။ တချို့ကလည်း ပင်လယ်ကမ်းခြေဘက်ကို ကွေ့ပတ်ဆင်းသွားကြတယ်၊ တချို့ကလည်း ပင်လယ်အနားက ချောက်ကမ်းပါးအမြင့်ကြီးတွေဘက်ကို တက်သွားကြတယ်။

ပြိုင်ပွဲရဲ့ တာစလွှတ်မယ့်နေရာက ချောက်ကမ်းပါးအမြင့်ကြီးရဲ့ ထိပ်၊ ပင်လယ်ဘက်မျက်နှာမူပြီး သုံးပေခန့်အကွာမှာ စည်းတားထားသတဲ့။ ပန်းဝင်မယ့်နေရာက ပင်လယ်ရေစပ်မှာ တိုင်ထူထားသတဲ့။ အံ့ပါလေရော။ ပြိုင်ကွင်းအသစ်ကို ရွေးချယ်ခွင့်ပေးတဲ့ သူတို့ ဥပဒေရဲ့ ယဉ်ကျေးမှုကိုရော၊ ရွေးချယ်တဲ့ သူကိုပါ အံ့သြလိုက်တာ။

**အသိဉာဏ်ရှိတာလား၊ လူရည်လည်တာလား၊**
**ပန်းတိုင်ကိုချက်ချင်းဆိုသလို ရောက်သွား**

အပြေးပြိုင်ပွဲကို ထုံးစံအတိုင်း စီစဉ်လို့ပြီးပြီ။ ပြေးဆိုတဲ့ အချက်ပေးသံနဲ့အတူ မောင်လိပ်က ကမ်းပါးထိပ်ဘက်ကို တဖြည်းဖြည်း တိုးသွားပြီး အဖျားနားရောက်တဲ့အခါ သူ့ရဲ့ဦးခေါင်းနဲ့ လက်တွေ၊ ခြေတွေကို ခန္ဓာကိုယ်ထဲ ထည့်သွင်းလိုက်ပြီး ပေသုံးရာကျော်မက မြင့်တဲ့ ချောက်ကမ်းပါးအပေါ်ကနေ ပင်လယ်ရေစပ်မြေပြင်အထိ ခန္ဓာကိုယ်ကြီးကို လှိမ့်ချလိုက်တာပေါ့။ စဉ်းစားသာ ကြည့်လိုက်ကြပါတော့။ အသိဉာဏ်ရှိတာလား၊ လူရည်လည်တာလား၊ မပြောတတ်ပေမယ့် မောင်လိပ်ကတော့ ပန်းတိုင်ကိုချက်ချင်းဆိုသလို ရောက်သွားတာပေါ့။

မောင်ယုန်ကို ကြည့်လိုက်ပါဦး။ ပြေးဖို့ အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ပြေးဖို့နေနေသာသာ ပြေးလမ်းကို အရင်ရှာနေရတယ်။ မောင်လိပ် ပြေးသလို လိုက်ပြေးလို့ကလည်း မဖြစ်၊ ခုန်ချလို့ကလည်း မရ၊ တက်လာတဲ့ လမ်းအတိုင်း သွက်သွက်ပြန်ဆင်းပြီး ပန်းတိုင်ပင်လယ်ဘက်ကို ပြန်လှည့်ပြေးရတော့တာပေါ့။ သူရောက်သွားတဲ့ အချိန်မှာတော့ မောင်လိပ်က ပန်းဝင်ပြီးလို့ အိပ်ချင်ရင်တောင် တစ်ရေးအိပ်လို့ ဝနေလောက်တယ်။

ပြိုင်ပွဲက လေးကြိမ်ပြီးသွားပြီ။ မောင်လိပ်က သုံးကြိမ်နိုင်တယ်၊ မောင်ယုန်က တစ်ကြိမ်နိုင်တယ်။ ဒီလိုဆိုတော့ အပြေးပြိုင်ပွဲက မောင်လိပ်ကိုပဲ အောင်မြင်သူဆုပေးပွဲ ကျင်းပရမှာပေါ့။ တာဝန်ရှိသူတွေက ဆုပေးပွဲကျင်းပဖို့ ပြင်ဆင်တော့မယ်နဲ့တူတယ်၊ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ရွှေ့ရွှေ့ ရွှေ့ရွှေ့နဲ့ လှုပ်ရှားသွားလာနေကြပြီ။

ဒါပေမယ့် လုပ်ပုံကိုင်ပုံတွေကို ကြည့်ရတာ အဲဒီလိုပုံစံမျိုးတော့ မဟုတ်လောက်ဘူး၊ တစ်ခုခုတော့ ကွာခြားနေတယ်။ ပြိုင်ပွဲတာဝန်ရှိသူတွေ ခေါင်းချင်းရိုက်တိုင်ပင်နေရာကနေ အခမ်းအနားမှူးရဲ့ ကြေညာသံက ပီပီသသကြီး ထွက်ပေါ်လာတယ်။ "အပြေးပြိုင်ပွဲကို နောက်ထပ်တစ်ပွဲထပ်ပြီးပြိုင်ပါဦးမယ်။ ပြေးကွင်းပန်းတိုင်အစက ပင်လယ်ကမ်းစပ်ဖြစ်ပြီးတော့ ပန်းဝင်ရမယ့် နေရာကတော့ အနီးဆုံးဖြစ်တဲ့ ရေလယ်ကျွန်း"တဲ့။

"ဘယ်သူက ထပ်ပြိုင်ဖို့ တောင်းဆိုတာလဲ၊ မောင်ယုန်ပဲ ထပ်ရှုံးမှာပေါ့၊ ဘယ်လိုလုပ်ပြီး ပင်လယ်ရေထဲဆင်းပြီး ရေကူးနိုင်မှာလဲ၊ မောင်လိပ်က ထပ်ပြီးမတောင်းဆိုသင့်ဘူး၊ သူက နိုင်ပြီးသားပဲ၊ မောင်ယုန်ကို သက်သက်အရှက်ခွဲတာလား၊ တာဝန်ရှိသူတွေက ထပ်ပြီးခွင့်မပြုသင့်ဘူး၊ လာဘ်ပေးလာဘ်ယူ လုပ်ထားလို့နေမှာပေါ့" စတဲ့ ဝေဖန်သံ အပြစ်တင်သံ ဆရာကြီးလုပ်သံတွေက ပွက်လောကိုရိုက်နေတော့တာပေါ့။

"ဪ၊ ပရိသတ်အများစုဆိုတာ ဒီလိုပါပဲလေ"။

"ဘယ်နေရာ၊ ဘယ်အသိုင်းအဝိုင်း၊ ဘယ်အစုအဖွဲ့မှာပဲဖြစ်ဖြစ် ကိုယ့်အထင်နဲ့ ကိုယ်က မှန်တယ်ထင်ပြီး ပြောကြ၊ ဆိုကြ၊ လုပ်ကိုင်ကြသူတွေက ဘယ်လောက်တောင်များ များနေကြပါလိမ့်"။ "နိုင်ပြီးသား မောင်လိပ်ကသာ ပြိုင်ပွဲကိုထပ်ပြိုင်ဖို့ တကယ်တောင်းဆိုတယ်ဆိုရင် အကြောင်းထူးတစ်ခုခုတော့ ရှိကိုရှိရမယ်၊ ပါးစပ်မဟာဘဲ အသာစောင့်ကြည့်တာ အကောင်းဆုံးပဲ"။

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ပြိုင်ပွဲက မဖြစ်သင့်တဲ့ ပုံစံကြီး"။

"ကြည့်ပါဦး၊ ပင်လယ်ကမ်းစပ်မှာ မောင်ယုန်နဲ့ မောင်လိပ်က ပြေးဖို့ရန် အဆင်သင့်ရပ်နေကြပြီ၊ ပန်းတိုင်က အနီးဆုံးဖြစ်တဲ့ "ရေလယ်ကျွန်း"ဆိုတော့ မောင်ယုန်ရဲ့ မျက်နှာကို ကြည့်လိုက်ပါဦး"၊ "သူ့မျက်နှာထက်စာရင် မန်ကျည်းရွက်ကမှ ကြီးဦးမယ်"။

"ပြေး"ဆိုတော့လည်း ပြေးကြပြီပေါ့၊ မောင်လိပ်က ရေထဲကို ချက်ချင်းဆိုသလို ဆင်းသွားပြီး ရေထဲဆက်ငုပ်သွားတယ်၊ မောင်ယုန်ကတော့ မျက်နှာငယ်လေးနဲ့ ငေးကြည့်နေရုံမှတစ်ပါး အခြားလုပ်စရာမရှိတော့ဘူးပေါ့။ ရေထဲဆင်းပြီး ရေငုပ်သွားတဲ့ လိပ်ကတော့ အရိပ်အယောင်တောင် မမြင်ရတော့ဘူး။

တစ်မိနစ် နှစ်မိနစ် သုံးမိနစ် တဖြည်းဖြည်းနဲ့ တစ်ဆယ့်ငါးမိနစ်လောက်ကြာသွားပြီ၊ မောင်ရွှေလိပ်ကတော့ ကျွန်းဘက်ကိုဘယ်လောက်တောင်များ ခရီးပေါက်သွားပြီလဲလို့ ကြည့်နေကြတဲ့ ပရိသတ်တွေကလည်းရှိကြသလို ပြိုင်ပွဲကို စိတ်မဝင်စားကြတဲ့ မျက်နှာမျိုးတွေနဲ့ ပရိသတ်တွေကလည်း အများကြီးပါပဲ။ အချိန်က ဆယ့်ငါးမိနစ်လောက်တောင်ကြာသွားပြီ။ မောင်လိပ်က စူဠလိပ် ရေထဲချလိုက်သလို ပြန်ကို မပေါ်လာတော့ဘူး၊ ကြည့်နေရသူတွေကတော့ မျှော်တော်ဇောနဲ့ မောနေရတာပေါ့။

"ဟော၊ မောင်လိပ်တစ်ယောက် ရေပေါ်ကိုပေါ်လာပြီ၊ ပေါ်လာပြန်တော့လည်း ဟိုး... ကျွန်းဘက်နားနီးတဲ့ ပေလေးငါးရာလောက် ရောက်သွားပြီလို့ အများက ထင်နေကြတာ၊ ပေါ်မယ့်ပေါ်လာတော့လည်း ကမ်းစပ်မှာပဲ ပြန်ပေါ်လာတယ်။ ဘာတွေများ လုပ်ဦးမလို့ပါလိမ့်"။

ရေပေါ်ကို ပေါ်လာတဲ့ မောင်လိပ်က "ဟေ့ မောင်ယုန်၊ ဘာကြည့်နေတာလဲ၊ လာ ငါ့ကျောပေါ်တက်၊ ငါတို့နှစ်ယောက် ရေလယ်ကျွန်းကို အတူတူသွားကြမယ်လေ"တဲ့။

အဲဒီလို ပြောတော့မှ မောင်ရွှေယုန်က ကိုရွှေလိပ်ရဲ့ ကျောကုန်းပေါ်ကို ပြုံးနေတဲ့မျက်နှာနဲ့ ခုန်တက်ပြီး ထိုင်လိုက်သွားလိုက်တာပေါ့။

ပရိသတ်ထောင်ပေါင်းများစွာက မြင်ရတဲ့ မြင်ကွင်းကိုကြည့်ပြီး မှင်တက်မိနေကြတယ်၊ အံ့သြနေကြတယ်၊ ကြည်နူးနေကြတယ်၊ ဝမ်းသာနေကြတယ်။ အဲဒီအချိန်မှာ ဒီလောက်များပြားတဲ့ ပရိသတ်တွေရဲ့ တိတ်ဆိတ်မှုဟာ အပ်ကျသံကိုတောင် ကြားရနိုင်တဲ့အခြေအနေအထိဖြစ်သွားတယ်။ တစ်ခဏမျှသာပါပဲ။

ပြီးတော့ ပရိသတ်အားလုံးရဲ့ ပါးစပ်မဖွင့်ဘဲ လက်ခုပ်တီးသံတွေ သက်သက်က ဘဝင်အထက်ထိ လျှံတက်သွားကြတယ်။ လက်ခုပ်သံတွေထဲမှာ တစ်ဦးအပေါ်တစ်ဦးက အနိုင်ရလို့ အားပေးကြတဲ့အသံမျိုးတွေ တစ်ပျောက်တစ်မှုန် တစ်စက်ကလေးမျှ မပါပါဘူး။

ဒါပေမယ့် ပရိသတ်တွေရဲ့ ရင်ဘတ်နဲ့တီးတဲ့လက်ခုပ်သံတွေက ဘဝင်လျှံရုံမျှမက စကြဝဠာတိုင်သည်အထိ ကျယ်လောင်စွာမြည်ဟိန်းသွားကြတယ်။ ဒီပရိသတ်လက်ခုပ်သံတွေဟာ မောင်လိပ်နဲ့ မောင်ယုန်တို့ "ရေလယ်ကျွန်း" ဆီကိုရောက်ပြီး မြင်ကွင်းထဲမှ ပျောက်သွားကြသော်လည်း အသံမတိတ် အသံမဆိတ် ဟိန်းမြည်လျက်ပါပဲ။

ရေလယ်ကျွန်းပေါ်ကို ရောက်သွားတဲ့အခါ မောင်လိပ်က အိမ်ရှင်ဖြစ်နေတော့ ဧည့်သည်ဖြစ်တဲ့ မောင်ယုန်ကို တစ်ကျွန်းလုံးလှည့်ပြတော့တာပေါ့။ မောင်ယုန်မမြင်ဖူး၊ မတွေ့ဖူးတဲ့ ကျောက်ဆောင်၊ ကျောက်ပန်း၊ ကျောက်ခက်တွေရှိရာ ရှုခင်းတွေဆီကို အေးချမ်းကြောင်း၊ သာယာကြောင်းတွေ တဖွဖွပြောပြရင်း ရှေ့ကနေဦးဆောင်ပြီး ခေါ်သွားတာပေါ့။ တော်တော်ကြာတဲ့အထိ အင်းမလုပ်၊ အဲမလုပ်ဘဲ အသံတိတ်နဲ့ လိုက်နေတဲ့ မောင်ယုန်ကို မော့ကြည့်ပြီး "ဟဲ့ မောင်ယုန်၊ ဘယ်လိုဖြစ်နေတာလဲ၊ ဒီလောက်သာယာလှပတဲ့ရှုခင်းတွေကို ပြပေးနေတာတောင် ဘာအသံမှ မထွက်ပါလား၊ ဘာတွေကို စဉ်းစားနေတာလဲ"လို့ မေးရတဲ့အထိ ဖြစ်လာတယ်။

ဟုတ်တယ်လေ၊ ဒီလိုရှုခင်းမျိုးတွေက ကြုံတောင့်ကြုံခဲတွေပေါ့၊ ဒီလိုနေရာမျိုးကလည်း တစ်သက်နဲ့တစ်ကိုယ်ရောက်ဖို့ကလည်း မလွယ်ဘူးလေ။

"အစ်ကိုကြီးလိပ်၊ ဒီလို ရှားရှားပါးပါး ရှုခင်းတွေကို လိုက်ပြပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က ဒီရှုခင်းတွေကို စိတ်မဝင်စားနိုင်ပါဘူး၊ ဒီ့ထက် စိတ်ဝင်စားစရာရှိနေလို့ပါ"။

"မင်းက ဘာတွေကိုများ စိတ်ဝင်စားနေတာလဲ"။

"ကျွန်တော်စိတ်ဝင်စားတာက အစ်ကိုကြီးရဲ့စိတ်၊ အခုလို ကျောကုန်းပေါ်ကိုတင်ပြီး ကျွန်တော့်ကို ဘာလို့ခေါ်လာခဲ့တာလဲ၊ အစ်ကိုကြီးက တစ်ယောက်တည်း ရေကူးလာပြီး အနိုင်ယူလို့ရပါလျက်နဲ့ ဘာလို့များ ကျွန်တော့်ကို ကျောကုန်းပေါ်ကို တင်ခေါ်လာရတာလဲ၊ အဲဒီလိုတင်ခေါ်လာတဲ့ အစ်ကိုကြီးရဲ့စိတ်ကို သိအောင်လို့ ကြည့်ချင်နေတာ၊ စိတ်ဝင်စားနေတာ"။

"ဪ၊ ဒီလိုလား၊ အဲဒီလို ငါ့စိတ်ကို သိချင် မြင်ချင်ရင် မင်းစိတ်ကို ကြည့်လိုက်ပေါ့"။

"ဗျာ"

"ဒီမယ် မောင်ယုန်၊ ငါ့ကိုများ မသိဘူးလို့ ထင်နေသလား၊ မင်းနဲ့ငါ ပထမအခေါက် စပြိုင်ကတည်းက မင်းက လမ်းတစ်ဝက်မှာ အိပ်မောကျနေတယ်၊ ငါက ဆက်ပြေးတော့ ငါနိုင်တယ်၊ မင်းရှုံးတယ်၊ ဒါက ပရိသတ်အမြင်၊ အများအမြင်"။

"ဒါပေမယ့် မင်းနဲ့ငါပဲသိတာကို ပရိသတ်တွေကတော့ ဘယ်သိမလဲ၊ ဘယ်မြင်မလဲ၊ လမ်းတစ်ဝက်မှာ ငါက မင်းကို ဖြတ်လာတော့ မင်းက မျက်လုံးလေးတစ်ဖက်နဲ့ ဖွင့်ကြည့်လိုက်တာကို ငါမမြင်ဘူးလို့ ထင်လို့လား"။

"ဪ၊ ကျွန်တော် မအိပ်တာကို အစ်ကိုကြီးက သိတယ်ပေါ့၊ ဟုတ်သလား"။

"နောက်တစ်ခေါက် ပြိုင်ပြန်တော့လည်း မင်းက ပန်းတိုင်အနားမှာ အိပ်မောကျနေတာလေ၊ ဒါကပရိသတ်တွေရဲ့ အထင်တွေ အမြင်တွေပါလေ ။ သူတို့က မင်း မျက်စိဖွင့်ကြည့်တာကို ဘယ်သိမလဲ၊ မင်းကို ပျင်းလို့ ထင်နေကြတာကိုး၊ ငါသိတယ်၊ ငါက ဘယ်လောက်အထိ သိသလဲဆိုရင် အဲဒီပြိုင်ပွဲနှစ်ခေါက်လုံးဟာ ငါနိုင်တာမဟုတ်ဘူး။ မင်းက နိုင်တာ။ မင်းက နှစ်ခေါက်စလုံးကို နိုင်တာ"။

"မင်းပဲ စဉ်းစားကြည့်လေ၊ မင်းလို အပြေးချန်ပီယံနဲ့ ငါနဲ့က ပြိုင်ဘက်မှ မဟုတ်တာ၊ တတိယ အခေါက်ကသာ ပုံမှန်ပြိုင်ပွဲ၊ ပုံမှန်အနိုင်အရှုံး။ ဘယ်သူမှ ငြင်းမရဘူးလေ။ အဲဒီလို အရှုံးမျိုးကို ငါကလည်း လက်ခံတယ်၊ ပရိသတ်တွေကလည်း လက်ခံကြတယ်လေ"။

"ဪ"

"ဒါကြောင့် ငါ ပြောတာပေါ့၊ ငါ့စိတ်ကို မြင်ချင်ရင် မင်းက ကိုယ့်စိတ်ကို ကိုယ်ပြန်ကြည့်လိုက်ပေါ့"လို့။

"ကျေးဇူးပါအစ်ကိုကြီး၊ ကျွန်တော်လည်း အစ်ကိုကြီးရဲ့စိတ်ဓာတ်ကောင်းမျိုးလိုကိုပဲ မွေးမြူပါတော့မယ်"။

"ကျေးဇူးအထူးတင်ပါတယ် ညီလေးရာ၊ အစ်ကိုကြီးလည်း ညီလေးရဲ့စိတ်ဓာတ်ကောင်းမျိုးလိုကိုပဲ မွေးမြူပါတော့မယ်"။

သူတို့နှစ်ယောက်ရောက်နေတဲ့ ကျွန်းရဲ့နာမည်က "ညီညွတ်ရေးကျွန်း"လို့ ခေါ်ပါသတဲ့။ ။

**❖ ကျွန်တော်စိတ်ဝင်စားတာက အစ်ကိုကြီးရဲ့စိတ်၊ အခုလို ကျောကုန်းပေါ်ကိုတင်ပြီး ကျွန်တော့်ကို ဘာလို့ခေါ်လာခဲ့တာလဲ၊ အစ်ကိုကြီးက တစ်ယောက်တည်း ရေကူးလာပြီး အနိုင်ယူလို့ရပါလျက်နဲ့ ဘာလို့များ ကျွန်တော့်ကို ကျောကုန်းပေါ်ကို တင်ခေါ်လာရတာလဲ၊ အဲဒီလိုတင်ခေါ်လာတဲ့ အစ်ကိုကြီးရဲ့စိတ်ကို သိအောင်လို့ ကြည့်ချင်နေတာ၊ စိတ်ဝင်စားနေတာ**

# တူကီယဲ၌ လူဦးရေအထူထပ်ဆုံးနှင့် စက်မှုလုပ်ငန်းလုပ်ကိုင်ရာဗဟိုချက် မာမာရာဒေသတွင် ပြင်းထန်သော မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့နေ

**အစ္စတန်ဘူလ် အောက်တိုဘာ ၁၆**

တူကီယဲနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးနှင့် စက်မှုလုပ်ငန်းလုပ်ကိုင်ရာ ဗဟိုချက်ဖြစ်သော နိုင်ငံအနောက်မြောက်ပိုင်း မာမာရာဒေသတွင် ဆိုးရွားပြင်းထန်သောမိုးခေါင်ရေရှားမှုအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း၊ ရေလှောင်ကန်များ၏ ရေမျက်နှာပြင်များမှာ စံချိန်တင်အနိမ့်ဆုံးအဆင့်သို့ ကျဆင်းလာပြီဖြစ်သောကြောင့် မြို့ကြီးများတစ်လျှောက် အရေးပေါ် အစီအမံများဆောင်ရွက်ရန် တိုက်တွန်းထားကြောင်း သိရသည်။

### စံချိန်တင်အနိမ့်ဆုံးကျဆင်း

မာမာရာပင်လယ်၏ တောင်ဘက်ဗဟိုအချက်အချာကျသော ဘူဆာမြို့ ရေလှောင်ကန်များမှ ရေသိုလှောင်မှုပမာဏမှာ တစ်နှစ်တာကာလအတွင်း ၂၃ ရာခိုင်နှုန်းမှ စံချိန်တင်အနိမ့်ဆုံးဖြစ်သည့် ၀ ဒသမ ၆၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။

မကြာသေးမီက လေ့လာချက်တစ်ခုတွင် ဥလူဒါဂ်တောင်ရှိစမ်းရေတွင်း ၁၀ တွင်းအနက် ခြောက်တွင်းမှာ ရေခန်းခြောက်သွားပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့်တွင်းများမှာလည်း ရေထွက်အား ၈၀ ရာခိုင်နှုန်း လျော့ကျသွားပြီဖြစ်ကြောင်း ဖော်ပြထားသည်။

### ရေ ကုဗမီတာ ၁၀၀၀၀၀ ခန့် ချွေတာနိုင်

ဘူဆာမြို့ ရေနှင့် မိလ္လာစီမံခန့်ခွဲရေးအဖွဲ့က ခရိုင်ခြောက်ခုတွင် မရှိမဖြစ်လိုအပ်သော ဌာနများကို ချန်လှပ်ကာ ၁၂ နာရီကြာ အလှည့်ကျရေဖြတ်တောက်မှုစနစ်ကို လုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။ ထို့အပြင် ထိုကဲ့သို့လုပ်ဆောင်မှုက နေ့စဉ်ရေပမာဏ ကုဗမီတာ ၁၀၀၀၀၀ ခန့် ချွေတာနိုင်မည်ဟု ခန့်မှန်းထားသည်။

တူကီယဲနိုင်ငံ၏ အကြီးဆုံးမြို့တော် အစ္စတန်ဘူလ်မြို့ရှိ ရေလှောင်ကန်များ၏ ရေမျက်နှာပြင်မှာလည်း သမိုင်းတစ်လျှောက် အနိမ့်ဆုံးအဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ရေလှောင်ကန်အများအပြားမှာလည်း ရေသိုလှောင်နိုင်စွမ်း ၁၀ ရာခိုင်နှုန်းအောက်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## ဂီနီနိုင်ငံက အနောက်အာဖရိက၏ အကြီးဆုံးသင်္ဘောကျင်း တည်ဆောက်မည်

**ကွန်နာကရီ အောက်တိုဘာ ၁၆**

ဂီနီအစိုးရသည် တရုတ်ကုမ္ပဏီများနှင့် ပူးပေါင်း၍ အနောက်အာဖရိက၏ အကြီးဆုံး သင်္ဘောကျင်းတည်ဆောက်မည့် အစီအစဉ်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးနှင့် အစိုးရပြောရေးဆိုခွင့်ရှိသူ အိုစမာနီ ဂါအူရယ်ဒီရယ်လိုက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားထားသည်။

### စီမံကိန်းဧရိယာကို စစ်ဆေး

ဒီရယ်လိုနှင့် ၎င်း၏ ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံ၏မြို့တော် ကွန်နာကရီမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၃၀၀ ကျော် အကွာတွင်ရှိသည့် ကမ်းရိုးတန်းမြို့ ဘိုကေးသို့ သွားရောက်ကာ စီမံကိန်းအတွက် သတ်မှတ်ထားသည့် ဟက်တာ ၅၀ ကျယ်ဝန်းသည့် ဧရိယာကိုစစ်ဆေးခဲ့ကြောင်း သိရသည်။

### မဟာဗျူဟာမြောက် အရေးပါ

သင်္ဘောအရွယ်အစားအမျိုးမျိုးကို ပြုပြင်ထိန်းသိမ်းခြင်း၊ ရေကြောင်းဆိုင်ရာပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် ကျွမ်းကျင်သော ဒေသခံလုပ်သားများကို လေ့ကျင့်သင်ကြားပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် အဆိုပါ သင်္ဘောကျင်းသည် မဟာဗျူဟာမြောက် အရေးပါသည်ဟု ဒီရယ်လိုက ပြောသည်။ ထို့အပြင် အဆိုပါ သင်္ဘောကျင်းသည် အနောက်အာဖရိကဒေသတွင် အကြီးဆုံးသာမက အာဖရိကတိုက်တွင် အရေးပါဆုံးစီမံကိန်းများထဲမှ တစ်ခုဖြစ်လာမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

### သင်္ဘောပြုပြင် ထိန်းသိမ်းခြင်း အာရုံစိုက်လုပ်ဆောင်မည်

ပထမအဆင့်တွင် သင်္ဘောပြုပြင်ထိန်းသိမ်းခြင်းကို အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်ပြီး နှစ်နှစ်အတွင်း လုပ်ငန်းစတင်လည်ပတ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ငါးနှစ်အကြာတွင် စတင်ရန်စီစဉ်ထားသည့် ဒုတိယအဆင့်တွင် သင်္ဘောတည်ဆောက်ခြင်းနှင့် သင်္ဘောကျင်းဝန်းကျင်တွင် စက်မှုလုပ်ငန်းငယ်များ စုဝေးဖွံ့ဖြိုးတိုးတက်လာစေရန် အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒီရယ်လိုက ပြောသည်။

**ဆင်ဟွာ**

## တူကီယဲနိုင်ငံ အနောက်ပိုင်းကမ်းရိုးတန်းတွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၁၀၄ ဦးကို ကယ်တင်

**အစ္စတန်ဘူလ် အောက်တိုဘာ ၁၆**

အောက်တိုဘာ ၁၆ ရက်က တူကီယဲနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက် သီးခြားဖြစ်စဉ်များမှ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၁၀၄ ဦးကို ကယ်တင်နိုင်ပြီး ထိန်းသိမ်းထားသည်ဟု နိုင်ငံပိုင် မီဒီယာတွင် ဖော်ပြထားသည်။

အစ်ဇ်မီယာပြည်နယ် ဒီကီလီခရိုင်ဆိပ်ကမ်းအနီးတွင် ရွှေ့ပြောင်းနေထိုင်သူများလိုက်ပါလာသည့် ရော်ဘာလှေမှာ ချွတ်ယွင်းမှုကြောင့် မျောပါနေခဲ့သည်ဟု ကမ်းရိုးတန်းစောင့်တပ်က ပြောသည်။



တူကီယဲကမ်းရိုးတန်းစောင့်တပ်က ရွှေ့ပြောင်းနေထိုင်သူများအား ကယ်ဆယ်နေသည်ကို အောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။

ကမ်းရိုးတန်းစောင့်တပ်၏ အောက်တိုဘာ ၁၆ ရက်နေ့ ထုတ်ပြန်ချက်အရ ယခုနှစ်အတွင်း လူကုန်ကူးသူ ၂၈၂ ဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု သိရသည်။

အောက်တိုဘာ ၁၆ ရက်အထိ ကြားဖြတ်ဟန့်တားနိုင်ခဲ့သည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူပေါင်း ၁၆၃၇၇ ဦးရှိသည်။ အကြောင်း အမျိုးမျိုးကြောင့် သေဆုံးခဲ့ရသည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ၄၀ ခန့်ရှိသည်။ အစ်ဇ်မီယာပြည်နယ်ရှိ အေဂျီယမ်ကမ်းရိုးတန်းသည် ရွှေ့ပြောင်းနေထိုင်သူများအတွက် တူကီယဲကိုဖြတ်ကျော်၍ ဥရောပသို့ သွားရန် အဓိကလမ်းကြောင်းဖြစ်နေသည်။

**ဆင်ဟွာ**

## ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခြိမ်းခြောက်မှုနှင့် အစားအသောက်ဖူလုံမှု မရှိခြင်းတို့အတွက် တစ်ကမ္ဘာလုံး ဝိုင်းဝန်းဖြေရှင်းရန် ပါကစ္စတန်ဝန်ကြီးချုပ် တိုက်တွန်း

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၆**

အစားအသောက်ဖူလုံမှုမရှိခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ခြိမ်းခြောက်မှုများတိုးလာရသည့်အပေါ် တစ်ကမ္ဘာလုံးမှ ဝိုင်းဝန်းဖြေရှင်းကြရန် အောက်တိုဘာ ၁၆ ရက်တွင် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ရှာအစ်ဖ်က တောင်းဆိုခဲ့သည်။ လူတိုင်းအာဟာရပြည့်ဝသည့် အစားအသောက်များရရှိနိုင်ရန် အလေးထားဆောင်ရွက်ရာတွင် ကမ္ဘာအသိုင်းအဝိုင်းနှင့်အတူ ပါကစ္စတန်လည်းရပ်တည်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

လူတိုင်းအတွက် စားနပ်ရိက္ခာဖူလုံရေး နိုင်ငံအဆင့်တွင်သာမက အပြည်ပြည်ဆိုင်ရာအဆင့်တွင်ပါ လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရန်လိုအပ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ယခုနှစ်အတွက်ဆောင်ပုဒ်မှာ ပိုမိုကောင်းမွန်သည့် အစားအသောက်နှင့် ပိုမိုကောင်းမွန်သည့် အစားအစာအတွက် လက်တွဲဆောင်ရွက်ကြပါစို့ ဟူ၍ဖြစ်သည်။

အဆိုပါဆောင်ပုဒ်သည် အစိုးရ၊ တောင်သူလယ်သမား၊ အဖွဲ့အစည်းများနှင့် နိုင်ငံသားများ အတူပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကို မီးမောင်းထိုးပြလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုသည် ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးမှုနှင့် လူမှုစီးပွားဘဝများ ထိခိုက်မှုကိုဖြစ်ပေါ်စေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် ပါကစ္စတန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများလျော့ပါးစေရန် ရနိုင်သမျှသော အရင်းအမြစ်များကို အသုံးချလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံ၌ ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဂျကာတာ အောက်တိုဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ ပါပူအာပြည်နယ်၌ အောက်တိုဘာ ၁၆ ရက်က ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်သွားကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် လူသေဆုံးမှုများမရှိကြောင်း သိရသည်။

ဘူမိရူပဗေဒ၊ ရာသီဥတုနှင့် မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ ငလျင်၏ဗဟိုချက်နေရာသည် ဆာမီခရိုင် အရှေ့တောင်ဘက် ၃၂ ကီလိုမီတာအကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ငလျင်၏ အနက်မှာ ၃၂ ကီလိုမီတာဟု သိရသည်။ ငလျင်လှုပ်ပြီးနောက် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိချေ။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးကွင်းပေါ်တွင်ရှိသည့် ကျွန်းများစွာပါဝင်သည့်နိုင်ငံဖြစ်ပြီး မီးတောင်ပေါက်ကွဲမှုနှင့် ငလျင်လှုပ်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ **ဆင်ဟွာ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လျှော်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု၊ ဝန်ထမ်းအိမ်ရာအသစ်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၆**
နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်အတူ ဇမ္ဗူသီရိမြို့နယ်အတွင်း လျှော်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုနှင့် ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာသို့ သွားရောက်ပြီး လျှော်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင် အသုံးပြုရေး၊ လျှော်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ဝန်ထမ်းအိမ်ရာဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ အမှိုက်များ ကင်းစင်ပြီး ရေများတင်ကျန်မှု မရှိစေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် အကွက်အမှတ် (၈-က)သို့ သွားရောက်၍ စတုရန်းပေ ၆၀၀ ရှိသော လေးခန်းတွဲ၊ လေးထပ် အမှုထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရေး၊ လျှော်အပါအဝင် သဘာဝဘေးအန္တရာယ်ထိခိုက်မှု မရှိအောင် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် လေဆိပ်လမ်းသို့ သွားရောက်ပြီး လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေး၊ လမ်းလယ်ကျွန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး ရာသီအလိုက် ပန်းအလှပင်များနှင့် အရိပ်ရအပင်များ ထပ်မံစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ကတ္တရာလမ်း AC ခင်းကျင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်ဇနီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညို

**ရန်ကုန် အောက်တိုဘာ ၁၆**
ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ Mr.Evgeny Grigoryev နှင့် ဇနီးတို့သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညိုလေ့လာကြသည်။

ဦးစွာ ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လှည့်လည်ကြည်ညိုကြပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ် အနီး အောက်ပစ္စယာ သိဂ်ုတ္တရဥယျာဉ်တော်၊ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်အတွင်းရှိ ငါးများကို ငါးစာကျွေး၍ ကုသိုလ်ပြုကြသည်။

ထို့အတူ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Mr.Vyacheslav KALGANOV နှင့် ကိုယ်စားလှယ်အဖွဲ့သည် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ရုရှား-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် အခြေခံပညာကျောင်းသား ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ကြသည်။

ဦးစွာ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် အခြေခံပညာကျောင်းသား ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ ဆုရပန်းချီကားများ ပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်းသီချင်း" ဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ကဗျာလွတ်အကဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌက သီဆိုကပြဖျော်ဖြေကြသည့် ကျောင်းသား ကျောင်းသူများကို အမှတ်တရလက်ဆောင်ပန်းခြင်း ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံးသို့ရောက်ရှိပြီး ကော်မတီရုံး၌ နှစ်နိုင်ငံ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်ကိုလည်းကောင်း၊ ကျောက်တန်းမြို့ ဆေးဘို့ဝကျေးရွာရှိ ချစ်ခြင်းမေတ္တာပရဟိတဂေဟာကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၆**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပေါ်ရှိသံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မင်္ဂလာသုခ ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၂၃ ဦးတို့ကို အဆိုပါကျေးရွာရှိ ဝဲကြီးကျောင်းတိုက်၌လည်းကောင်း၊ တွံတေးမြို့နယ် ကံရွာကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၃၈ ဦးတို့ကို အဆိုပါကျေးရွာရှိ သစ္စာရောင်ခြည်ဓမ္မာရုံ၌လည်းကောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၆** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## ထားဝယ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ ကျင်းပ

ထားဝယ် အောက်တိုဘာ ၁၆

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က ထားဝယ်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး၌ ကျင်းပသည်။



**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က လုပ်ငန်းသုံးပစ္စည်း လက်ခံရရှိသူများအနေဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြခြင်းဖြင့် မိမိအကျိုးအတွက်သာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူဖြစ်စေနိုင်ကြောင်း အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်နိုင်က စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ထားဝယ်မြို့ ကျောက်မော်ရပ်ကွက်၊ ဆင်ဆိပ်ရပ်ကွက်၊ သပြေချောင်းကျေးရွာနှင့် ဇလွန်းကျေးရွာတို့မှ သင်တန်းဆင်းထူးချွန်သူငါးဦးတို့အား တစ်ဦးလျှင် တန်ဖိုးငွေကျပ် ၁၆ သိန်းနှင့် ညီမျှသော လုပ်ငန်းသုံးပစ္စည်းများကိုပေးအပ်ပြီး သင်တန်းဆင်း ထူးချွန်သူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး အစီအစဉ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ပံ့ပိုးငွေပေးအပ်

တိုက်ကြီး အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သမဝါယမဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် One Village One Product (OVOP) အစီအစဉ်ဖြင့် ဒေသထွက်ကုန်များဖြစ်သည့် ငါးခြောက်၊ ဝါးခမောက်၊ ဆန်ကောနှင့် ဆန်ခါလုပ်ငန်းဆောင်ရွက်ကြမည့် သမဝါယမအသင်းသားများအား ပံ့ပိုးငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၄ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးအုန်းထွန်းက One Village One Product အစီအစဉ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က ကျေးရွာအလိုက်၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှုများ အောင်မြင်ရေးကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားကာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သမဝါယမအသင်းသားများအတွက် ပံ့ပိုးငွေကျပ်သိန်း ၂၀၁၀၀၀၀၀ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝတ်ရည်**



## တောင်တွင်းကြီးမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးနှင့် ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံ

တောင်တွင်းကြီး အောက်တိုဘာ ၁၆

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်နိုင်စိုး၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကျန်းမာရေးမှူးများ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အသက်ကိုးနှစ်ပြည့်ပြီး အသက် ၁၀ နှစ် မကျော်သေးသည့် ကျောင်းသား ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကြိုတင်ကာကွယ်နိုင်ရန် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အောက်တိုဘာ



၁၄ ရက်မှစတင်၍ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

## ပန်းတောင်းမြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်း

ပန်းတောင်း အောက်တိုဘာ ၁၆

ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကျောက်ဖူးကျေးရွာရှိ တောင်သူဦးအေးနိုင်၏ လယ်မြေကွင်းအမှတ် (၁၆၈) ၌ ကျင်းပသည်။

အဆိုပါမိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများက မိုးစပါးစံပြစပါးကွက်ကို စပါးရိတ်ခြွေစက်ဖြင့် ရိတ်ခြွေနေမှုများနှင့် မိုးစပါးစိုက်ပျိုးအောင်မြင်နေမှုများကို မြို့နယ်စိုက်ပျိုး ကြီးကြပ်ရေးအဖွဲ့ဖြင့် ရိတ်သိမ်းကြသည်။

ထို့နောက် မိုးစပါးစံပြအထွက်နှုန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ စံပြကွက်ရိတ်သိမ်းရာ တစ်ဧက အစို ၁၂၇ တင်း၊ အခြောက် ၁၁၇ တင်း ထွက်ရှိကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**



## သဲကုန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဆုချီးမြှင့်နိုင်ရေးစစ်ဆေး

သဲကုန်း အောက်တိုဘာ ၁၆

သဲကုန်းမြို့နယ်၌ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ ဆုချီးမြှင့်နိုင်ရေးအတွက် ယမန်နေ့က ဆုရွေးချယ်ရေးကော်မတီအဖွဲ့က အခြေခံပညာမူလတန်းကျောင်း(တည်သီးပြင်)သို့သွားရောက်၍ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ထွေးနှင့် တာဝန်ရှိသူများ ပါဝင်သည့် ကော်မတီဝင်များက ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဆုလျှောက်ထားရာတွင် သတ်မှတ်ထားသည့် အခြေခံစံနှုန်းလေးချက်နှင့် အညွှန်းကိန်း၁၇ ချက်ဖြင့်သာ ဆုရွေးချယ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည် ရေးအတွက် သတ်မှတ်ထားသော အခြေခံစံနှုန်းလေးချက်၊ အညွှန်းကိန်း ၁၇ ချက်နှင့်အညီ ကိုက်ညီမှုရှိ/မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **ကိုကျော်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဇလွန် အောက်တိုဘာ ၁၆

ဟင်္သာတမြို့နယ်၌ ခရိုင်အဆင့်သစ်ပင်စိုက်ပျိုးပွဲကို အောက်တိုဘာ ၁၃ ရက်က ပဆင-ရွှေကျောင်းလမ်းဆုံ အုပ်ရှစ်ကွင်းကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များက ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များအား ပျိုးပင်များပေးအပ်ခဲ့ပြီး ပိတောက်၊ မန်ကျည်းရှား၊ မယ်ဇယ်၊ ကံ့ကော်၊ ခရေ၊ တမာ စသည့် သစ်မျိုးခြောက်မျိုး စုစုပေါင်း အပင် ၅၁၀ စုပေါင်း စိုက်ပျိုးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



ကဝမြို့နယ်၌ ပြည်သူများ သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များကို သိရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက အောက်တိုဘာ ၁၅ ရက်တွင် မြို့နယ်စည်ပင်သာယာဈေးကြီးအတွင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ ရဲဇော်ဟိန်း(ပြန်/ဆက်)





## ကျွန်းကြားကျေးရွာ၌ ဖမ်းဆီးရမိသည့် မိကျောင်းအား သက်ဆိုင်ရာသို့ ပို့ဆောင်အပ်နှံ

ဒေးဒရဲ အောက်တိုဘာ ၁၆

ဒေးဒရဲမြို့နယ် ကျွန်းကြားကျေးရွာ ချောင်းအတွင်းထောင်ထားသည့် ငါးဖမ်းပိုက်တွင် အလျားခြောက်ပေခန့်ရှိ မိကျောင်းတစ်ကောင်ကို ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသည့် မိကျောင်းကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူများက ကြည့်ရှုပြီး ဘိုကလေးမြို့နယ် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန မိန်းမလှကျွန်း အုပ်ချုပ်ရေးမှူးရုံးသို့ ပို့ဆောင်အပ်နှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အေဇာလင်း**

# ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနား ကျင်းပသည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် ပျဉ်းမနားခရိုင်ပညာရေးမှူး ဒေါ်မြင့်မြင့်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ကျင်းပရာ ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းသီဆိုကြပြီး "ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ယင်းနောက် နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင်က အမှာစကားပြောကြားသည်။

ယင်းနောက် နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်စာစောင်များနှင့် စာအုပ်အရောင်းဆိုင်များ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောင်းသား ကျောင်းသူများအား ဟသ္သာတတက္ကသိုလ်၌ သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များနှင့် မိတ်ဆက်ဟောပြော

**ဟသ္သာတ အောက်တိုဘာ ၁၆**

ဟသ္သာတမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်း(Grade-12) တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအား ဟသ္သာတ တက္ကသိုလ်၌ သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များနှင့် မိတ်ဆက် ဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက်က မြို့ပေါ်ကျောင်းများ၌ ပြုလုပ်သည်။



အဆိုပါဟောပြောပွဲကို ဟသ္သာတမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်း Grade-12 ကျောင်းသား ကျောင်းသူ ၉၉၂ ဦးတို့အား အထက(၁)၊ အထက(၃)၊ အထက(၄)၊ အထက (၅) ကျောင်းတို့ရှိ ခန်းမများတွင် ဟသ္သာတတက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများက သက်ဆိုင်ရာဘာသာရပ်များအလိုက် ဆွေးနွေးဟောပြောပေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# ကျေးသီးမြို့၌ ဆုံဆို့မေးခိုင်နှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများထိုးနှံ

**ကျေးသီး အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ ကျောင်းအခြေပြုအသက် ငါးနှစ်မှ ခုနစ်နှစ် KG ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင် ကာကွယ်ဆေးနှင့် အသက်ကိုးနှစ်၊ ၁၀ နှစ် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ယမန်နေ့က အခြေခံပညာ အထက်တန်းကျောင်း ကျေးသီး၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မြတ်ဗိုလ်သူက ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံပေးရခြင်းနှင့် ပတ်သက်၍ အသိပညာပေး ပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက အထက ကျောင်းရှိ KG ကျောင်းသား ကျောင်းသူ ၄၆ ဦးကို ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် အသက်ကိုးနှစ်၊ ၁၀ နှစ်အရွယ် ကျောင်းသူ ၅၃ ဦးကို သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# ခရမ်းမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**ခရမ်း အောက်တိုဘာ ၁၆**

ခရမ်းမြို့ အမက(၉) မူလွန်ကျောင်း၌ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ အမက(၉) မူလွန်ကျောင်းမှ ကျောင်းအုပ်ကြီး ဦးသက်ခိုင်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိငြိမ်းက လျှပ်စစ်ဘေးအန္တရာယ်နှင့် လျှပ်စစ်ကြောင့် အသက်အန္တရာယ်ကင်းရှင်းစေရေးအတွက် နေထိုင်ပြုမူရမည့်အချက်များ၊ လျှပ်စစ်လှုပ်နေစဉ် လျှပ်စစ်လှုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းမဖြစ်ပေါ်မီသတိပေးချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးနောက် နောက်ဆက်တွဲဆိုးကျိုးများ၊ ရေကြီးခြင်းကြောင့်နောက်ဆက်တွဲ ဖြစ်ပေါ်နိုင်သောဘေးအန္တရာယ်နှင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ခရမ်း(ပြန်/ဆက်)



သဃ်န်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ပြည်သူများအား Smart Card (Biomertric Card)များအား မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝင်းနိုင်ထွေးနှင့်ဝန်ထမ်းများ အောက်တိုဘာ ၁၄ ရက်က နေ့ချင်းပြီးပြုလုပ်ပေးစဉ်။ ဇော်မိုး(သဃ်န်းကျွန်း)

မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာဝီရအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ပေးစဉ်။ ဝင်းမြတ်(အထက်မင်းလှ)




# စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲများပြုလုပ်



**မိုးနဲ**

မိုးနဲမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက်က မိုက်ဟိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

**သထုံ**

သထုံမြို့နယ်တွင်အောက်တိုဘာ ၁၄ ရက်က ပေါ်တော်မူကျောက်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အသိပညာပေးဟောပြောပွဲကျင်းပရာ တာဝန်ခံဆရာမ ဒေါ်အေးအေးမိုးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောသည်။

ခရိုင်(ပြန်/ဆက်)



**မိုင်းယောင်း**

မိုင်းယောင်းမြို့နယ်တွင် အောက်တိုဘာ ၁၄ ရက်က အမက(၇)၌ စာပေဟောပြောပွဲ ပြုလုပ်ရာ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်ခြင်းအား ရှင်းလင်းပြောကြားပြီး ပလတ်စတစ်၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုအန္တရာယ်နှင့် ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ၊ ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖောင်းက ကလေးအလုပ်သမားပပျောက်ရေး၊ မီးခိုးမြူငွေ့ လေထုညစ်ညမ်းတားဆီးကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေး၊ MSME အကြောင်း၊ မသန်စွမ်းသူများနှင့်ပတ်သက်၍ သိကောင်းစရာများကို ဟောပြောခဲ့သည်။ **စိုင်းအောင်ဇော်လင်း**



**ကျိုက်ထို**

ကျိုက်ထိုမြို့နယ်၌ အောက်တိုဘာ ၁၄ ရက်က ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက်ရှိ မူလွန်ဘူတာကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်ရေးရာဟောပြောပွဲပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာအေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်နှင့်ကိုယ်ကျင့်တရား၊ မူးယစ်ဆေးဝါးအန္တရာယ်ကို ဟောပြောဆွေးနွေးသည်။

ကျိုက်ထို(ပြန်/ဆက်)



# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်



**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ (ACC) နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ တက်ရောက်ကြသည်။

အဆိုပါပေးအပ်ပွဲတွင် ဒုတိယဝန်ကြီးက လက်ရှိတွင် NSSA အနေဖြင့် အလုပ်အကိုင် အမျိုးအစား ၇၁ မျိုးအတွက် ကျွမ်းကျင်မှုစံ ၁၀၄ ခုကို အတည်ပြုခြင်း၊ ပြန်လည်သုံးသပ်ပြင်ဆင်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ၃၀၀၊ စစ်ဆေးအကဲဖြတ်သူ ၉၀၄ ဦး၊ စစ်ဆေးရေးမှူး ၁၂၉ ဦးကို အသိအမှတ်ပြုခဲ့ပြီး အလုပ်အကိုင် ၅၂ မျိုးတွင် ဖြေဆိုသူ ၃၃၁၉၅ ဦးအနက် ၃၀၆၇၂ ဦးကို ကျွမ်းကျင် လုပ်သားများအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းကဏ္ဍ၊ လျှပ်စစ်အင်ဂျင်နီယာလုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းကဏ္ဍ၊ ကျန်းမာရေးလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ၊ ယွန်း/ရက်ကန်းလုပ်ငန်းကဏ္ဍတို့မှ ဖြေဆိုသူ ၃၅၄၄ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ရာ အရည်အသွေးပြည့်မီသူ ၃၃၉၄ ဦးကို ကျွမ်းကျင်မှုအသိအမှတ်ပြုပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အလုပ်အကိုင် ခြောက်မျိုးအတွက် ကျွမ်းကျင်လုပ်သား ၃၈၈ ဦးနှင့် အလုပ်အကိုင်ငါးမျိုးအတွက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး ဌာနငါးခုတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များပေးအပ်ပြီး လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းအမှတ်စဉ် (၂/၂၀၂၅) သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အထည်ချုပ်စက်ရုံများဖြစ်သော Grand Forest International(Myanmar) Appeal Co.,Ltd၊ Dagon Talent Garment Co.,Ltd နှင့် Ming Shang Sport Myanmar Co.,Ltd ဖိနပ်စက်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှိ တာဝန်ခံများ၊ အလုပ်သမားအဖွဲ့အစည်း အဖွဲ့ဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးကာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

အလားတူ TNLA အကြမ်းဖက်အဖွဲ့နှင့် DPLA၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကိုလည်း ခေတ္တစိုးမိုးပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် သီပေါမြို့အဝင် Toll Gate သို့ ရောက်ရှိစဉ် မြို့တွင်းမှ မီးခိုးလုံးများ တွေ့ရှိသဖြင့် မြို့တွင်းသို့ ဝင်ရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများသည် သီပေါမြို့အတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများ ဖြစ်သည့် အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ သီပေါဟိုတယ်အပါအဝင် အခြားဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူလူထု၏ နေအိမ်များအား ရက်စက်ယုတ်မာစွာ မီးရှို့ထွက်ပြေးသွားကြောင်း သိရှိရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အခြားအဆောက်အအုံများ မီးကူးစက်မှုမရှိစေရေးအတွက် မီးငြိမ်းသတ်နိုင်ရေးနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**



အကြမ်းဖက် သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့လယ် ရပ်ကွက်ရှိ မြေစာရင်းရုံး မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက် သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။

---

၁၆ - ၁၀ - ၂၀၂၅ **ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၂၀၀ | ၃၇၄၉ | ၃၀၈၁၅၆၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၇၉၃ | ၂၇၀၁၄၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၀ | ၀ |
| FPB | ၂၃၅၀ | ၂၅၀၀ | ၆၄၃ | ၁၆၀၇၃၅၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၂၉၅ | ၈၀၆၇၅၀ |
| EFR | ၁၉၀၀ | ၁၉၀၀ | ၃၀၇၈ | ၅၇၂၁၃၀၀ |
| AMATA | ၃၄၀၀ | ၃၄၀၀ | ၅ | ၁၇၀၀၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၆၇၉ | ၂၃၀၈၆၀၀ |

---

# သက်မွေးပညာရပ်များလေ့လာနိုင်ရန် လက်မှုရှာသင်တန်းကျောင်း ဖော်ဆောင်နေ

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ သက်မွေးပညာရပ်များကို လေ့လာနိုင်ရန်နှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းစေရန် လက်မှုရွာသင်တန်းကျောင်းကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လက်မှုရွာသင်တန်းကျောင်းတွင် အုန်း၊ ငှက်ပျော၊ ဖေဒါ၊ မြက်နှင့် ဝါး စသည့်စွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ထုတ်လုပ်သည့် ပညာရပ်များကို သက်မွေးပညာကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများအပြင် အသင်းအဖွဲ့များနှင့် ကျေးလက်များမှပြည်သူများ သက်မွေးပညာရပ်များ လေ့ကျင့်သင်ကြားမှုနှင့်အတူ လေ့လာနိုင်မည်ဖြစ်ပြီး အလုပ်ရုံတွင်လည်း ရက်ကန်းပညာရပ်များ လေ့လာကြည့်ရှု သင်ကြားနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

“မြန်မာနိုင်ငံမှာ စွန့်ပစ်ပစ္စည်းကနေ လူသုံးကုန်ပစ္စည်းမျိုးစုံ ထုတ်လုပ်တဲ့ သီးသန့်နေရာမရှိတာကြောင့် ကျောင်းသား ကျောင်းသူတွေနဲ့ သက်မွေးပညာသင်ကြားလိုသူတွေ တတ်မြောက်အောင် လှည်းကူးမြို့နယ် ဖောင်ကြီးလမ်းမကြီးမှာ လက်မှုရွာသင်တန်းကျောင်းကို ဖော်ဆောင်နေတာဖြစ်ပါတယ်။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့က လက်မှုပညာရွာလိုပဲ မြန်မာနိုင်ငံမှာလည်း လက်မှုပညာသင်တန်းကျောင်းကို ပညာရှင်တွေစုပေါင်းပြီး ဆောင်ရွက်ထားတာပါ။ လက်မှုပစ္စည်းမျိုးစုံ ထုတ်လုပ်တဲ့အပြင် လာရောက်လေ့လာသူနဲ့ သင်ကြားသူတွေကို သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်တွေက အလှည့်ကျသင်ကြားပေးပြီး ရှင်းလင်းပြသမှုတွေလည်း လုပ်ဆောင်သွားဖို့ရှိပါတယ်” ဟု Green Banana Myanmar တည်ထောင်သူ ဦးမြင့်သိန်းက ပြောသည်။

ထိုသို့ လက်မှုရွာသင်တန်းကျောင်းအား ဖွင့်လှစ်ခြင်းသည် ဒေသဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေသည့် အလုပ်အကိုင်အခွင့်များ ပွင့်လန်းရန် သက်မွေးပညာရပ်များသင်ကြားပေးခြင်း၊ တစ်နေရာတည်းတွင် ပညာရပ်မျိုးစုံသင်ကြားနိုင်ခြင်းနှင့် လေ့လာနိုင်ရန်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အဆိုပါ လက်မှုရွာသင်တန်းကျောင်းကို နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ပစ္စည်းများကို နေရာများစွာမှ ထုတ်လုပ်ခြင်းထက် တစ်နေရာတည်းမှ ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်း/ပြည်ပဈေးကွက်သို့ အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်းနှင့် လက်မှုပညာရွာမှ သက်မွေးပညာရပ်များအား နိုင်ငံတစ်ဝန်းမှ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)**

---

# မုတ်သုံလေ ဆုတ်ခွာခဲ့ပြီးဖြစ်

**နေပြည်တော်အောက်တိုဘာ၁၆**–ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၄-၁၀-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်ဇုန်ရှိ အားကစားကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာတာဝန်ရှိသူများ အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။



ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ (ဂိုးမရှိ)သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲအဖြစ် အောက်တိုဘာ ၁၁ ရက်မှ ၁၈ ရက်အထိ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့်ရေဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိရာ အောက်တိုဘာ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည့် ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အောက်တိုဘာ ၁၇ ရက်ပြိုင်ပွဲ ပွဲစဉ်အဖြစ် မွန်းလွဲ ၃ နာရီမှစတင်၍ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ရေဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာထောပတ်သီး တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးလုပ်ငန်းစဉ်များ ရှင်းလင်း

**တောင်ကြီး အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ထောပတ်သီးများ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ထောပတ်သီးစိုက်ပျိုးသူများ၊ ထောပတ်သီးတင်ပို့သူလုပ်ငန်းရှင်များနှင့် ရှင်းလင်းဆွေးနွေးပွဲကို တောင်ကြီးမြို့ စိုက်ပျိုးရေးဦးစီးဌာန ရှမ်းပြည်နယ် ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ယနေ့ကျင်းပရာ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုး၊ ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးခွန်ထွန်းထွန်းဝင်းက အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက မြန်မာနိုင်ငံမှ ထောပတ်သီးများ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ရောင်းချနိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) နှင့် ဆက်သွယ်ဆောင်ရွက်မှုများ အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ GACC မှ ထောပတ်သီးစိုက်ပျိုး၊ ခူးဆွတ်၊ ထုပ်ပိုးခြင်းနှင့် တင်ပို့သည့်လုပ်ငန်းစဉ်များကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း လာရောက်စစ်ဆေးခြင်းနှင့် အဝေးရောက်ဗီဒီယိုဖြင့် စစ်ဆေးခြင်းဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ပညာရှင်များက လိုအပ်သည်များကို ကဏ္ဍအလိုက် ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**



## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုသတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်ကုန်းမြို့နယ်အတွင်း လူသုံးကုန်ထုတ်လုပ်မှုသင်တန်း၊ စက်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**တပ်ကုန်း အောက်တိုဘာ ၁၆**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၃ ရက်က ရွှေဥဒေါင်းကျေးရွာ သုတရောင်ခြည်စာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်များထားရှိမှု၊ စာအုပ်၊စာစောင် ငှားရမ်းမှုများ ကြည့်ရှုအားပေးပြီး လူသုံးကုန်ထုတ်လုပ်မှု(ဆပ်ပြာဆီ) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးသည့် နည်းပညာရပ်များကို တတ်ကျွမ်းအောင် သင်ယူစေရေး၊ တတ်ကျွမ်းခဲ့သည့် ပညာရပ်များကို အသုံးပြုပြီး မိသားစုဝင်ငွေရရှိအောင် ဆောင်ရွက်ရေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆပ်ပြာဆီထုတ်လုပ်မည့် ကုန်ကြမ်းများကိုကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်း(၁/၂၀၂၅)တွင် အမှာစကားပြောကြားပြီး ရိတ်ခြွေစက် မောင်းနှင်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် အနော်ရထာရပ်ကွက်၊ ကွင်းအမှတ်(၁၄၀၄) တောင်သူ ဦးမောင်မောင်န၏ ပေါ်ဆန်းစပါးစိုက်ပျိုးထားရှိမှု၊ သဘာဝမြေသြဇာပြုလုပ်ထားမှု၊ ပေတောကျေးရွာ ဥစားကြက်ခြံ၌ ကြက်ခြံနှင့် ကြက်များထားရှိမှု၊ မြဝတီရပ်ကွက် NNN ပဲကြော်၊ ပဲလှော်ထုတ်ကုန်ထုတ်လုပ်မှု အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်၌ အသိပညာပေးဟောပြောပွဲ၊ မြန်မာစကားပုံဆက်ပြိုင်ပွဲများ ပြုလုပ်



**ပေါက်ခေါင်း အောက်တိုဘာ ၁၆**

ပေါက်ခေါင်းမြို့နယ်၌ ကျောင်းသားလူငယ်လူရွယ်များအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ မြန်မာစကားပုံဆက်ပြိုင်ပွဲနှင့် ပြပွဲများကို အောက်တိုဘာ ၁၄ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာခေါင်းစဉ်ဖြင့် တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောပြီး မြန်မာစကားပုံဆက်ပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## ပူတာအိုခရိုင်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြင်ပြောပြိုင်ပွဲကျင်းပ

**ပူတာအို အောက်တိုဘာ ၁၆**

ကချင်ပြည်နယ် ပူတာအိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပုံပြင်ပြောပြိုင်ပွဲကို အောက်တိုဘာ ၁၄ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦးတို့က အသိပညာပေးပုံပြင်များမှ စိတ်ကြိုက်ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်ပြပွဲများကို



ကြည့်ရှုလေ့လာကြသည်။ **ဖုန်ကန်(ပူတာအို)**



## မြစ်သား၌ တိုင်းရင်းဆေးကုဌာနက နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုပေး

**မြစ်သား အောက်တိုဘာ ၁၆**

မြစ်သားမြို့နယ် ပေတောပရဟိတ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား တိုင်းရင်းဆေးကုဌာနက ကျန်းမာရေးစောင့်ရှောက်ပေးမှုကို အောက်တိုဘာ ၁၄ ရက်က ဆောင်ရွက်သည်။

အဆိုပါ မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်းက ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော နှာစေးချောင်းဆိုးခြင်း၊ အစာမကြေခြင်း၊ သဲဝဲစားခြင်းနှင့် အရေပြားရောဂါများကို ကုသပေးခြင်း၊ သောက်ဆေးပေးခြင်း၊ လိမ်းဆေးပေးခြင်းများကို ကျောင်းသား ကျောင်းသူ ၁၀၁ ဦးအား ကုသပေးခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

## ဘီးလင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

**ဘီးလင်း အောက်တိုဘာ ၁၆**

ဘီးလင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက သဘာဝဘေးအန္တရာယ်၏ အဓိပ္ပာယ်၊ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ သိထားသင့်သည့် အချက်များ၊ ဘေးအန္တရာယ်အမျိုးအစားများအကြောင်းတို့ကို အသိပညာပေးဟောပြောပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်များကို ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မြို့နယ်အချို့၌ အင်္ဂလိပ်ဘာသာရပ်နှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲများကျင်းပ

### မိုင်းရှူး

မိုင်းရှူးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်ဘာသာရပ်နှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က မိုင်းရှူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အင်္ဂလိပ်စာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၂ ဦးနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သန်းလှ(ပြန်/ဆက်)**

### ကော့မှူး

အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အထက(ကော့မှူး)ကျောင်း၌ ကျင်းပရာ အင်္ဂလိပ်စာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၁၉ ဦး၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၅၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

### မုဒုံ

မုဒုံမြို့နယ်၌ အခြေခံပညာဦးစီးဌာနမှ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က အထက(၁)ကျောင်းနှင့် အထက(၃)ကျောင်း၌ ကျင်းပရာ အင်္ဂလိပ်စာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ၁၄၃ ဦး၊ သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ၁၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

### ဆင်ပေါင်ဝဲ

ဆင်ပေါင်ဝဲမြို့နယ်၌ အခြေခံပညာဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် သင်္ချာနှင့် အင်္ဂလိပ်စာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲတွင် ၁၄၅ ဦး၊ အင်္ဂလိပ်စာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ၁၀၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

### ပုလော

ပုလောမြို့နယ် ပညာရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက်က ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပရာ သင်္ချာစွမ်းရည်တွင် ၂၄ ဦး၊ အင်္ဂလိပ်စာစွမ်းရည်တွင် ၂၄ ဦး စုစုပေါင်း ၄၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။ **ပုလော(ပြန်/ဆက်)**

### လှည်းကူး

လှည်းကူးမြို့၌ အခြေခံပညာဦးစီးဌာနမှ မြို့နယ်အဆင့် အင်္ဂလိပ်စာဘာသာရပ်စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး)၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၈၈ ဦးဖြေဆိုယှဉ်ပြိုင်ကြကြောင်း သိရသည်။

**အေးအေးနွဲ့(လှည်းကူး)**

### စေတုတ္တရာ

စေတုတ္တရာမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အင်္ဂလိပ်စာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ၅၂ ဦး၊ သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ၁၀၁ ဦး ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဇာဇာငြိမ်း(ပြန်/ဆက်)**

### ကသာ

ကသာမြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၁၄ ရက်က ကျင်းပရာ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၆၄ ဦး၊ သင်္ချာစာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## ဖောင်းကြွနံပါတ်ပြားမိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1K/1752 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ပျောက်ဆုံးကြောင်း

(ဘ)ဆမ်စု၏သမီး ကျွန်မ အီယုန်း၁၃/တခလ(နိုင်)၀၃၇၉၃၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၉၉၈၀၇၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ နဂါးရပ်ကွက်၊ အမှတ် ၄၇(က)နေ ဦးခင်မောင်ညွန့် (ခ)နိုင်စိုး (၁၂/မဂဒ (နိုင်)၀၆၄၁၁၁ နှင့် ဒေါ်အိအိစိုး (၁၂/အစန (နိုင်)၀၇၀၀၁၃)တို့၏သမီး (၁၃/လရန(နိုင်)၁၆၈၇၁၇) ကိုင်ဆောင်သူ မသက်ထက်ထားနိုင်သည် မိဘစကားနားမထောင်ဘဲ နေအိမ်မှ မိမိဆန္ဒအလျောက် ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် သမီးဖြစ်သူနှင့်ပတ်သက်၍ ၄င်းလုပ်ဆောင်ခဲ့သည့် ကိစ္စရပ်များ၊ ငွေရေးကြေးရေး အရှုပ်အရှင်းများနှင့် အခြားလူမှုရေးကိစ္စရပ်များကို မိဘများက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးခင်မောင်ညွန့်(ခ)နိုင်စိုး ဒေါ်အိအိစိုး**
**(၁၂/မဂဒ(နိုင်)၀၆၄၁၁၁) (၁၂/အစန(နိုင်)၀၇၀၀၁၃)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မြင့်စိုး ( LL.B )**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃၅၇၆/၁၇)**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၉-၂၀၂၅ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂) ချမ်းမြသာစည်မြို့နယ် တရားရုံး၏ ငြင်းချက်ထုတ်ရန်ဆင့်စာ ကြော်ငြာတွင် (သင်းသင်းလှိုင်) တွဲဖက်မြို့နယ် တဝရားသူကြီး(၄)အစား (သင်းသင်းလှိုင်) တွဲဖက် မြို့နယ် တရားသူကြီး(၄) ချမ်းမြသာစည်မြို့နယ် တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/5665, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဌေး ၁၄/ဟသတ(နိုင်)၁၅၉၉၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/46128, Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းအောင် ၁၄/မမန(နိုင်)၃၄၂၃၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/8056 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ဖောင်းကြွထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(လားရှိုး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 59W/74812 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်းထွန်း ၉/မနမ(နိုင်)၁၂၀၁၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ကျောက်ဆည်) သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၂၂၂၆၅, Honda Click M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းပျဲန်း ၁၃/ကတန(နိုင်)၀၉၄၅၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/8065 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ဖောင်းကြွထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(လားရှိုး)**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါကြောင်း

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)ရန်ကုန်မြို့ရှိ CT-35281 ဦးရွှေသီး၊ ဒေါ်ညွန့်ကြည်(ကွယ်လွန်) အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေကွက်အမှတ်(၃၆/၆၆၆)၏ မြေငှားစာချုပ်မူရင်းနှင့် စာရွက်စာတမ်းများအား ဦးရွှေသီး+ဒေါ်ညွန့်ကြည် ကွယ်လွန်သွားပြီး ဖြစ်ပါသဖြင့် သားဖြစ်သူ ဦးလှမြင့် ၁၂/တမန(နိုင်)၀၁၃၆၁၁မှ မြေငှားစာချုပ် ထုတ်ယူခွင့်ပြုပါရန် တင်ပြလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)ဝန်ထမ်းအိမ်ရာ ချေးငွေဌာနစိတ်သို့ ဤကြော်ငြာပါသည့်ရက်ပေါင်း (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်(မူရင်း) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မန်နေဂျာ**
**မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)၊ ရန်ကုန်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးနဲမြို့နယ်၊ မူ(လွန်)ကွန်မုံကျောင်းမှ ဒုတိယအလယ်တန်းပြ ဒေါ်နန်းယိင်းဆိုင်အွမ် (၁၃/ကတတ(နိုင်)၀၀၀၇၄၆)၏ဖခင် ဦးအောင်စိန်(ခ) ဦးအေးလွင်(၈/ဆမန(နိုင်)၀၀၁၇၇၃) မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့၊ အ.ထ.က ကျောင်း ပဉ္စမတန်းမှ မသီသီဝင်း၏ အမည်မှန်မှာ မနီရှား ဖြစ်ပါကြောင်း။

## အမည်ပြောင်း

(ဘ) ဦးကျော်စိုးမိုး၏သား ကလောမြို့နယ်၊ အောင်ပန်းမြို့၊ မော်ကွန်းသစ် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-11 မှ မောင်ထွန်းလွင်ဝင်းအား ယနေ့မှစ၍ မောင်ထွန်းလွင်နောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့ အ.ထ.က Grade-12 မှ မအိမ့်ဖူးသော် (၉/မသန(နိုင်)၂၁၀၉၅၁)၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ဆန်း (၁/မကတ(နိုင်)၀၇၃၁၈၇) ဖြစ်ပါကြောင်း။

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အ.ထ.က(ခွဲ)သဘော့ငူ မှ ဒု-အလယ်တန်းပြ ဆရာမ နန့်စန္ဒာဌေး ၁၄/ပသရ(နိုင်)၁၁၄၅၉၀ နှင့် ဒေါ်စန္ဒာဌေးသည် တစ်ဦးတည်း ဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင် ဦးကြီးရှိန်နှင့် မန်းကြီးရှိန်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။ **နန့်စန္ဒာဌေး (ခ) ဒေါ်စန္ဒာဌေး ၁၄/ပသရ(နိုင်)၁၁၄၅၉၀၊**

**ဦးကြီးရှိန် (ခ) မန်းကြီးရှိန်**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အ.ထ.က(ခွဲ)သဘော့ငူမှ အစောင့် စနေအောင်ကျော် ၁၄/ကကထ(နိုင်)၁၃၂၇၈၆ နှင့် ဦးနေအောင်ကျော်သည် တစ်ဦးတည်း ဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင် ဦးကျော်ဇန်နှင့် ဦးကျော်ဇံမှာ လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**စနေအောင်ကျော် (ခ) ဦးနေအောင်ကျော် ၁၄/ကကထ(နိုင်)၁၃၂၇၈၆၊**
**ဦးကျော်ဇန် (ခ) ဦးကျော်ဇံ**

## မြေငှားဂရန်ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခိုင်သဇင် ၇/မလန(နိုင်)၀၇၀၇၃၃ ဝယ်ယူခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မြေကွက်အမှတ်(၁၅၇) မြေကွက်၏ ဦးလှထွန်းအမည်ပေါက် မြေငှားဂရန်မှာပျောက်ဆုံးသွားပါသဖြင့် ၎င်းမြေငှားဂရန်ကို တွေ့ရှိပါက အကြောင်းကြားပေးပါ၊ ကျေးဇူးဆပ်ပါမည်။

**ဒေါ်ခိုင်သဇင်**
**အမှတ်(၆၀၂)၊ သီတာရေစင်လမ်း၊ ၁၆/၄ ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း -၀၉-၇၉၈၈၇၇၆၅၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ် (၁၅)ရပ်ကွက်၊ စစ်တောင်းလမ်း၊ အမှတ် (၈၇၃) (ဦးတင်ဝင်း)ပါမစ်အမည်ပေါက် ပေ (၄၀x၆၀)မြေကွက်အနက်မှ ခေါင်းရင်းဘက်တွင် တည်ရှိသော အလျား ၆၀'xအနံ ၂၀' ပေါ်တွင် တည်ဆောက်ထားသော (၂) ထပ် တန်းလျားနေအိမ်၊ အဝိစိရေ၊ လျှပ်စစ်မီတာအပါဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး လက်ရှိပိုင်ဆိုင်သူ ဒေါ်လှဲ့လှဲ့အေး (၉/တသန(နိုင်)၁၁၁၈၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထူးနွယ် (၁၂/မရက(နိုင်)၁၁၈၆၁၁)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးကြည် (LL.B, CBL, DBL, DIL)**
**အထက်တန်းရှေ့နေ (စဉ်-၃၃၂၈၆/၂၀၁၀)**
**အမှတ် (၃၂၅)၊ ခေမာ (၁)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၄၇၇၆၇၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(သကမ-၁၅)၊ မြေကွက်အမှတ်(၆၂၂/ခ)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ ပေ)ရှိ (အရပ်အခေါ် အမှတ် (၆၂၂/ခ)၊ တောင်ငူလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော ဦးတင်မြင့် အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းကသာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချောစုသန္တာ ၁၄/ငပတ(နိုင်)၁၅၅၀၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု အထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန် မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်-၃၉၀/၄ ၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း -၀၉-၄၂၀၀၉၇၀၇၃**

## ဖခင်အမည်မှန်

ဖျာပုံမြို့၊ အထက (၂) ကျောင်း Grade-10 တွင် တက်ရောက်ပညာသင်ကြားနေသော မဖြိုးအိစံ၏ ဖခင်အမည်မှန်မှာ ဦးတင်ရွှေ ၁၄/ဖပန(နိုင်)၀၂၂၅၄၈ ဖြစ်ပါကြောင်း။

**ဦးတင်ရွှေ ၁၄/ဖပန(နိုင်)၀၂၂၅၄၈**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက (ခွဲ)နန္ဒင်းဂရက်မှ လက်ထောက်မူလတန်းပြ ဆရာမ ဒေါ်မိုးမိုးကြီး ၁၄/ကကထ(နိုင်)၁၅၅၀၃၃၏ ဖခင် ဦးမြအေးနှင့် ဦးအုန်းကြည်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမြအေး(ခ)ဦးအုန်းကြည်**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက(ခွဲ) ပေါက်ကျွန်းမှ အထက်တန်းပြ ဆရာမ ဒေါ်ရည်မွန်သွယ် ၁၄/ကကထ(နိုင်)၁၄၂၄၀၈နှင့် ဒေါ်ယဉ်မွန်သွယ် သည် လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ရည်မွန်သွယ်(ခ)**
**ဒေါ်ယဉ်မွန်သွယ်**
**၁၄/ကကထ(နိုင်)၁၄၂၄၀၈**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက (ခွဲ) ပေါက်ကျွန်းမှ ဒု-မူလတန်းပြဆရာ ဦးစိုးမင်းအောင် ၁၂/ကခက(နိုင်)၀၇၃၆၆၃၏ ဖခင် ဦးအောင်ပွားနှင့် မန်းအောင်ပွားမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်ပွား(ခ) မန်းအောင်ပွား**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "အောင်ခန့်စိုး-၅" အမည်ရှိ ကော့သောင်းခရိုင်ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ် (FKD/0059/09) ရေယာဉ်၏ တန်ချိန် -၅၂.၀၁ အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးတင်မောင်ဝင်း ၆/လလန(နိုင်)၀၈၀၈၃၀အမည်မှ ဦးစိုးမိုးထွေး ၆/ကသန(နိုင်)၀၃၃၇၉၅ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင် အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "အောင်ခန့်စိုး-၇" အမည်ရှိ ကော့သောင်းခရိုင်နှင့်မြိတ်ခရိုင်ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ် (FKD/0089/09) ရေယာဉ်၏ တန်ချိန် -၂၈.၁၅ အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးစိုးနိုင် ၆/ကသန(နိုင်)၀၃၇၂၁၁အမည်မှ ဒေါ်အိအိဝင်းနိုင် ၆/ကသန(နိုင်)၀၄၃၄၇၅ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည် ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း ၃၀ အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။၎င်းရက်ထက် ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၅၇၂၀၉, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းပြည့်အောင် ၆/မမန(နိုင်)၂၄၇၇၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိပြီး ရက်ပေါင်း ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/5796, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(သထုံ)**

## အများသိစေရန်ကြေညာခြင်း

ဒေါ်ဇင်မာဦး (၁၃/တကန(နိုင်)၂၈၆၅၈၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ဇင်မာဦးသည် ဦးကျော်စိုးနိုင် (၁၃/တကန(နိုင်)၁၃၄၆၉၁)ထံမှ မည်သည့်အခါကမျှ မည်သည့်ပစ္စည်း များကိုမျှ တစ်ကြိမ်တစ်ခါမျှ လက်ခံရယူရောင်းချခဲ့ခြင်းမရှိကြောင်း၊ ဦးကျော်စိုးနိုင် လုပ်ကိုင်နေသည့် ဆန်၊ ဆီပစ္စည်းများနှင့် ပတ်သက်၍ ဒေါ်ဇင်မာဦးသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်မှုတစ်စုံတစ်ရာ လုံးဝ(လုံးဝ) မရှိပါကြောင်း၊ ဦးကျော်စိုးနိုင်နှင့် တိုက်ရိုက်လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ထားသူများသည် ၎င်းနှင့် ပတ်သက်ဆက်နွှယ်သည့်ကိစ္စရပ်များကို ဒေါ်ဇင်မာဦးထံသို့ အကြိမ်ကြိမ်အတင်းအကြပ် မေးမြန်းခြင်း၊ ဒေါ်ဇင်မာဦး ကိုင်ဆောင်သည့် ဖုန်းနံပါတ်သို့ အကြိမ်ကြိမ်ဆက်သွယ်မေးမြန်းခြင်း၊ Social Media စသည့် Viber တွင် အကြိမ်ကြိမ်စာပို့ခြင်း၊ အကြောင်း ကြားစာ နို့တစ်ပို့ခြင်းများကို လက်ခံလိုက်နာမည် မဟုတ်ပါကြောင်း၊ ထိုသို့ပြုမူ ဆောင်ရွက်ချက်များစွာသည် ဒေါ်ဇင်မာဦး၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများအား အကြီးအကျယ် အနှောင့်အယှက်ဖြစ်စေပြီး၊ သူမ၏ပတ်ဝန်းကျင်တွင် အကြိမ်ကြိမ် လာရောက်မေးမြန်းခြင်းများပြုလုပ်သည့်အတွက် သူမ၏ဂုဏ်သိက္ခာကျဆင်းစေခဲ့ပါသည်။

ထို့ကြောင့် ဦးကျော်စိုးနိုင်နှင့်ပတ်သက်၍ မည့်သည့်ကိစ္စရပ်များကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ဦးကျော်စိုးနိုင်နှင့် ပတ်သက်၍ သူမအား အထက်ဖော်ပြပါအကြောင်းအရာများနှင့်ပတ်သက်၍ အတင်းအကြပ် တစ်စုံတစ်ရာ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းသော်တာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၀၀၉/၂၀၂၀)**
**အမှတ် (မ/၂၈၁)၊ ခွာညိုလမ်း၊ နယ်မြေ(၁) ကန်အောက်ရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၂၈၂၂၂၈၄၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၁နှင့်၅ )
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၉၅

၁။ ဒေါ်သင်းသင်းဦး နှင့် ဦးသန်းမောင်
၂။ ဒေါ်ဆုမွန်ကျော်ဖေ
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်–၁၅၈၈နေ တရားပြိုင် ဦးသန်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုတို့က “ပဋိညာဉ်အတိုင်းမြေကွက်နှင့်နေအိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု "လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလိုတို့၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုတို့ကကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထား စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
တွဲဖက်မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၁နှင့်၅ )
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၉၄

၁။ ဦးအောင်ကျော်သက် နှင့် ဒေါ်လွင်မာသင်း
၂။ ဦးအာကာ
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး ၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်းအမှတ်–၉၇၉နေ တရားပြိုင်ဒေါ်လွင်မာသင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

